# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၄၄)

## လက်ခံတွေ့ဆုံ နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟတ်ဆန် ဝီရာယုဒနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် (အောက်ပုံ) နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (အောက်ဆုံးပုံ)

(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်န်ဟတ်ဆန်ဝီရာယုဒနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### တွေ့ဆုံပွဲတက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟတ်ဆန် ဝီရာယုဒနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီယိုဆိုပရိုဂျို ဝါဆိတိုလည်း တက်ရောက်သည်။ **(သတင်းစဉ်)**



| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

# လွတ်လပ်ရေး၏အကျိုးရလဒ်ကောင်းများထိန်းသိမ်း ကိုလိုနီနယ်ချဲ့လက်သစ်အန္တရာယ်ကို တွန်းလှန်ဖယ်ရှား

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်တွင် ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းဖြင့် တိုင်းရင်းသားလူမျိုးများ စုစုစည်းစည်း နေထိုင်လျက်ရှိသော သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံတော်ဖြစ်သည်။

သို့ရာတွင် တစ်ချိန်သောအခါက ကိုလိုနီနယ်ချဲ့၏ သွေးခွဲသပ်လျှိုမှု၊ ကောက်ကျစ်စဉ်းလဲမှု၊ မတရားကျူးကျော်မှုများကြောင့် နိုင်ငံပြိုကွဲခဲ့ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားကာ တိုင်းတစ်ပါးလက်အောက် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။

သူ့ကျွန်ဘဝတွင် ခါးသီးစက်ဆုပ်ဖွယ်ရာ ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရသည်။ မတရားဖိနှိပ်ချုပ်ချယ်ကုပ်သွေးစုပ် အမြတ်ထုတ်ခြယ်လှယ်မှုတို့ကို တိုင်းရင်းသားပြည်သူအားလုံးက မခံမရပ်နိုင်ဖြစ်ပြီး အမျိုးသားရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ၍ နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြရာ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်သို့ ပြန်လည် ရောက်ရှိခဲ့ရသည်။

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်နိုဝင်ဘာလ ၁၁ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးတွင် -

**"လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးသော ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်ကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးမှာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပီပီသသ ဖြစ်တည်နေရန် လိုအပ်ကြောင်း"**

ပြောကြားသွားသည်။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ခွဲခြားမရနိုင်သည့်၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဂုဏ်အင်္ဂါရပ်များဖြစ်သည်နှင့်အညီ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုတို့ကို ယှဉ်တွဲထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် ဖြစ်သည်။

ယနေ့ အချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဩဇာပေး ခြယ်လှယ်စွက်ဖက်လိုသည့် ကိုလိုနီ နယ်ချဲ့လက်သစ်တို့၏ ပရိယာယ်များလှသည့် သွေးထိုးသပ်လျှိုမှု၊ မြှောက်ပင့်သွေးဆောင်ဖြားယောင်းမှု အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ထိုသို့ စွက်ဖက်နှောင့်ယှက်မှုများ ကြုံတွေ့နေရချိန်တွင် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းကြောင်းသင်ခန်းစာများ၊ ကိုလိုနီနယ်ချဲ့ သူ့ကျွန်ဘဝ၏ ဆိုးကျိုး၊ လွတ်လပ်ရေး၏ အရသာတို့ကို ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များ သိမြင်နားလည် သဘောပေါက်စေရန်အတွက် လွတ်လပ်ရေးနေ့ အခမ်းအနားများတွင် ဖော်ထုတ်ပြသကြရန် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ရေးမဆုံးရှုံးသော်လည်း တိုင်းတစ်ပါးကြိုးဆွဲရာ လိုက်ပါသွားပြီး သူတစ်ပါးဩဇာ လောင်းရိပ်အောက်၌ ရောက်ရှိနေလျှင်လည်း စစ်မှန်သောအချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည်မဟုတ်ဘဲ ဆိုးကျိုးများကိုသာ ရင်ဆိုင်ကြုံတွေ့နေရမည် ဖြစ်သည်။

မိမိနိုင်ငံ မိမိလူမျိုးများ၏ အနာဂတ်ကံကြမ္မာကို အနှောင်အဖွဲ့ကင်းကင်းဖြင့် ရွေးချယ်တည်ဆောက်နိုင်စေရန်နှင့် အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်တွင် သူတစ်ပါးဩဇာ စွက်ဖက်မှု ကင်းရှင်းစွာဖြင့် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေရန်အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်စိုးမှု ပီပီပြင်ပြင်ဖြစ်ထွန်းနေစေရန် နိုင်ငံသားအားလုံးက ကြိုးပမ်းကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပီပီသသ ဖြစ်တည်နေစေရန် အတွက် တိုင်းရင်းသားပြည်သူအားလုံးက ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့၏ အန္တရာယ်များကို သိမြင်ပြီး လွတ်လပ်ရေးကြိုးပမ်းထိန်းသိမ်းမှု အစဉ်အလာကောင်းများ၊ စစ်မှန်သောလွတ်လပ်ရေး၏ အသီးအပွင့် အကျိုးရလဒ်ကောင်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၃-၁၁-၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်

**"သောတာပန်စိတ်ထား အင်္ဂါခုနစ်ပါး"**

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Structure I (ဒုတိယနှစ်၊ အင်္ဂလိပ်စာအထူးပြု)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"**(အပိုင်း-၁၄)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ English Premier League ဘောလုံးပွဲ Fulham Vs Chelsea

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားကျင်းပ ပြခန်းအတွင်း ခင်းကျင်းပြသထားမှု ဝန်ကြီးများ လှည့်လည်ကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၁၂

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြသသည့် မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ-၂၀၀၄(Myanmar Products Expo-2004) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်နံနက် ၈ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ-၂၀၀၄ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် Media Essential & Horizon Kyaw Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧည့်သည်တော်များသည် ပြခန်းအတွင်း ခင်းကျင်း ပြသထားသည့် အရောင်းပြခန်းများကို လှည့်လည် ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကုန်စည်ပြပွဲတွင် ပြည်တွင်း ပြည်ပ အလှကုန် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်းနစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အဝတ်အထည်နှင့် တိုင်းရင်းဆေး ပစ္စည်းအမျိုးမျိုးတို့ကို နိုဝင်ဘာ ၁၅ ရက်အထိ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



**နိုဝင်ဘာ ၁၀ ရက်က ဂျပန်နိုင်ငံ အမျိုးသားကြက်ခြေနီအသင်းကကြီးမှူး၍ တိုကျိုမြို့တွင် ကျင်းပမည့် The International Red Cross Youth Exchange Programme (2004) သို့တက်ရောက်ရန် တောင်ကြီးမြို့နယ် ကြက်ခြေနီအသင်းမှ စိုင်းချမ်းမြေ့သူနှင့် မကျွေးမြို့နယ် ကြက်ခြေနီအသင်းမှ မခိုင်ဝေဝေသွင်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

## တရားအစဉ် ဓမ္မသဘင်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် ဇေယျဝတီပရိယတ္တိစာသင်တိုက် ဝိဇ္ဇာဓရဓမ္မာရုံကြီးတွင်နိုဝင်ဘာ ၂၂ ရက်တွင် ဒေါက်တာဘဒ္ဒန္တ အာဒိစ္စဝံသ (Ph.D)အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ် မဟာဌာနမှူး၊ ၂၃ရက်တွင် ဒေါက်တာဘဒ္ဒန္တ ဉာဏိသရ (D.Litt) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်၊ ၂၄ ရက်တွင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (D.Litt)အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော်သုံးပါးတို့က ညစဉ် ၇ နာရီမှစ၍ တရားအစဉ် ဓမ္မအမြင်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစုများ၏ (၁၄)ကြိမ်မြောက် ဘုံကထိန်အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစုများ၏ (၁၄)ကြိမ်မြောက် ဘုံကထိန်အခမ်းအနားတွင် ဆရာတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော်သမ္မတရုံး ဝန်ထမ်းမိသားစုများ (၁၄)ကြိမ်မြောက်မဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

**အလယ်တောရစံပြစာသင်တိုက်ကြီး၌ ပုရိမဝါကပ်တော်မူခဲ့ကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ဝန်ထမ်းမိသားစုများက (၁၄)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အလယ်တောရ စံပြစာသင်တိုက်၌ ကျင်းပသည်။**

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကမာရွတ်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့မှ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များ၊ ပင့်သံဃာတော်များ၊ အလယ်တောရစံပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသနှင့် ကျောင်းတိုက်ရှိ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ ဝန်ထမ်းမိသားစုများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

### ရွတ်ပွားသရဇ္ဈာယ်

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက အလယ်တောရစံပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြင်းခြံဆရာတော် ဘဒ္ဒန္တကိတ္တိက ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

အခမ်းအနားမစတင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း အငြိမ်းအကြိမ် စုပေါင်း ဘုံကထိန်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်း၏ အငြိမ်းအကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကို နိုဝင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) အရှေ့တောင်မြေညီထပ်တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူအသင်းဝင်များသည် နီးစပ်ရာနယ်မြေမှူးများနှင့် အမှုဆောင်များထံသို့လည်းကောင်း၊ ရုံးချုပ်လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဒေါ်အေးအေးမြ ဖုန်း-၅၇၈၁၂၁ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သံဃမဟာပရိဝါသ်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

မကွေးတိုင်း သရက်မြို့ ပိတောက်ပင်ကျေးရွာ ပညာလင်္ကာရကျောင်း၌ မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်သာသနာ့အလင်းရောင်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလနှင့် ညောင်လစ်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယတို့ကြီးမှူး၍ ပဲခူးမြို့ ပဓာနိကာရာမကျောင်းမှ အရှင်စန္ဒိမ ဦးဆောင်လျက် တန်ဆောင်မုန်းလပြည့်ကျော်၅ရက်မှ နတ်တော်လဆန်း ၅ရက်အထိ သံဃမဟာပရိဝါသ်ပွဲ ကျင်းပမည်ဖြစ်ရာ ဝါသ်ဆောက်တည်လိုသောသံဃာတော်များ ကြွရောက်တော်မူကြရန် အသိပေးပင့်လျှောက်ထားကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေကိန္နရီအိမ်ရာ နာနတ်တောလမ်း အမှတ် ဘီ(၃၇)နေ ဦးချစ်မောင်-ဒေါ်အမာခင် သား မောင်ဇင်လင်းထွန်း၊ မောင်ဟန်နီထွန်း၊ သမီး မမွန်းမွန်းစန္ဒီမိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၁၀၀၇၁ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ သံမဏိကြိုးများ ရောင်းချသည့် ဆိုင်တစ်ဆိုင်ကို နိုဝင်ဘာ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# အာဆီယံအိုးပင်းအော့ပ်တီမစ်(စ်)ရှက်လေ့ချန်ပီယံ ၂၀၀၄ ပြိုင်ပွဲ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံချောင်းသာကမ်းခြေ၌ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

**အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အသင်းဝင်နိုင်ငံများ ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရန်နှင့် ရှက်လေ့စီးမှုနည်းပညာ ပိုမိုကျွမ်းကျင်ရေးအတွက် အသက် ၁၅ နှစ်အောက် အာဆီယံအိုးပင်းအော့ပ်တီမစ်(စ်)ရှက်လေ့ချန်ပီယံ ၂၀၀၄ ယှဉ်ပြိုင်ပွဲကို ဒီဇင်ဘာလလယ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်ဟု အားကစားဝန်ကြီးဌာနက ရန်ကုန်မြို့၌ ကြာသပတေးနေ့က ကြေညာချက်ထုတ်ပြန်သည်။**

ဒေသဆိုင်ရာ ရှက်လှေပြိုင်ပွဲကို ဧရာဝတီတိုင်း ချောင်းသာကမ်းခြေ၌ ဒီဇင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြင်ဆင်မှုများကို မြန်မာ ရှက်လှေအဖွဲ့ချုပ် (အမ်ဝိုင်အက်ဖ်)က စီစဉ်ထားလျက် ရှိသည်။ အမ်ဝိုင်အက်ဖ်သည် ဂျပန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အာဆီယံနိုင်ငံများအားလုံး စုစုပေါင်း ၁၅ နိုင်ငံကို ပြိုင်ပွဲဝင်ရန် ဖိတ်ကြားထားသည်။

**အပြင်းအထန်လေ့ကျင့်**

၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ပိုမိုရရှိရေးအတွက် မြန်မာရှက်လှေအားကစားသမားများကို အမ်ဝိုင်အက်ဖ်က အပြင်းအထန်လေ့ကျင့်ပေးထားသည်။ ၂၀၀၁ ခုနှစ်က မလေးရှားနိုင်ငံတွင်ကျင်းပခဲ့သော (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲ၌ မြန်မာနိုင်ငံက ရှက်လှေပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည်။ **(အင်တာနက်)**

# နီပေါသောက်သုံးရေရရှိရေး အိန္ဒိယနိုင်ငံအကူအညီပေး ရေရရှိရေး စီမံကိန်း ၂၆ခု ၂၀၀၄ခုအတွင်း ဆောင်ရွက်မည်

ခတ္တမန္ဒူ နိုဝင်ဘာ ၁၁

**အိန္ဒိယနိုင်ငံသည် နီပေါ၌ သောက်သုံးရေရရှိရေးစီမံကိန်းအတွက် ရူပီး ၄ ဒသမ ၅ သန်းရှိ ရန်ပုံငွေ တစ်ရပ်ထူထောင်ပေးလျက်ရှိကြောင်း ယင်းစီမံကိန်းသည် နီပေါနိုင်ငံရှိ ပြည်သူများအား အကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။**

နီပေါနိုင်ငံအရှေ့ပိုင်း ဒန်ကုသာ မြူနီစီပယ်သောက်သုံးရေရရှိရေး စီမံကိန်းအတွက် နီပေါဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးရှိဗ်ရှဉ်ကာမူဟာဂျီးက အင်္ဂါနေ့က အုတ်မြစ်ချပေးခဲ့သည်။

အဆိုပါ စီမံကိန်းသည် ယင်းမြူနီစီပယ်ဒေသနေပြည်သူ ၃၅၀၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးက ပြောကြားသည်။ ယင်းသည် ကျေးလက်နေပြည်သူများအတွက် အိန္ဒိယစစ်မှုထမ်းဟောင်းများကလည်း အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၀၄ ခုနှစ်တွင် သောက်သုံးရေရရှိရေးစီမံကိန်း ၂၆ခုတွင် အိန္ဒိယမဟာအကူအညီဖြင့် ရူပီး ၁၄ ဒသမ ၃၈ သန်း အကုန်အကျခံ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရက ယနေ့အထိ နိုင်ငံတစ်ဝန်းလုံးအတွက် ရူပီး ၆၂ ဒသမ ၅ သန်း အကုန်အကျခံကာ ရေရရှိရေးစီမံကိန်း ၉၀၀ကျော် တည်ထောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ပီတီအိုင်**

# စင်ကာပူ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာရန် အင်ဒိုနီးရှားမျှော်လင့်

**ဂျကာတာ နိုဝင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံတွင် စင်ကာပူနိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် အင်ဒိုနီးရှားနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော စင်ကာပူဝန်ကြီးချုပ် လီရှင်လွန်းအား အင်ဒိုနီးရှားဒုတိယသမ္မတ ဂျူဆပ်ဖ် ကာလာက အင်္ဂါနေ့၌ မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။

**မျှော်လင့်**

တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မည်ဟု မိမိတို့မျှော်လင့်ကြောင်း၊ တိုက်ရိုက်ရင်းနှီးမှုက ပိုမိုကောင်းမွန်ကြောင်း မစ္စတာလီနှင့် အစည်းအဝေးပြုလုပ်အပြီးတွင် သတင်းထောက်များကို ကာလာက ပြောကြားသည်။

**ဆွေးနွေး**

ကာလာနှင့်အတူ အစည်းအဝေးတွင် ကုန်သွယ်ရေးဝန်ကြီး မာရီအယ်လ်ကာပန်ဂက်စ်တူလည်း တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံကြား စီးပွားရေးကိစ္စရပ်များစုကို နှစ်ဖက်အရာရှိများဆွေးနွေးကြပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုခိုင်မာရေး ကြိုးပမ်းရန်လည်း ဆွေးနွေးကြကြောင်း ကာလာက ပြောကြားသည်။

မစ္စတာလီသည် စင်ကာပူနိုင်ငံ၏ခေါင်းဆောင်သစ်အဖြစ် မိတ်ဆက်ရန် အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများသို့ ခရီးထွက်ရာတွင် အင်ဒိုနီးရှားနိုင်ငံသို့ ဝင်ရောက်လည်ပတ်ခဲ့ခြင်း ဖြစ်သည်။

၎င်းသည် မလေးရှားနှင့် ဘရူနိုင်းသို့ လည်ပတ်ခဲ့ပြီးဖြစ်ပြီး ဂျကာတာမှနေ၍ ထိုင်းနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**



**အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၏ မြို့တော် အမဒါဘက်မြို့တွင် အိန္ဒိယနိုင်ငံ၏ ထင်ရှားသောအဆောက်အအုံတစ်ခုဖြစ်သည့် တာ့ချ်မဟာအဆောက်အအုံ၏ပုံတူကို အနုပညာရှင်များ အချောကိုင် ဆောင်ရွက်လျက်ရှိစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## မြန်မာ့အလင်း



## နိုင်ငံတကာ သတင်းများ

# ဘင်္ဂလားဒေ့ရှ် မျက်စိအတွင်းတိမ်ဝေဒနာရှင်ကလေးငယ်များ လာမည့်လေးနှစ်အတွင်း အမြင်အာရုံပြန်ရရှိတော့မည်ဟုမျှော်လင့်

ဒါကာ နိုဝင်ဘာ ၁၁

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငယ်စဉ်ကတည်းက မျက်စိအတွင်းတိမ် ဝေဒနာခံစားရသဖြင့် အမြင်အာရုံကွယ်နေသော မျက်မမြင်ကလေး တစ်သောင်းကျော်သည် နောင်လာမည့်လေးနှစ်အတွင်း ၎င်းတို့၏အမြင်အာရုံများ ပြန်လည်ရရှိတော့မည်ဟု မျှော်လင့်ရကြောင်း ဗုဒ္ဓဟူးနေ့က ဒေးလီးစတား သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။**

မကြာသေးမီက စာရင်းကောက်ယူချက်များအရ ဘင်္ဂလားဒေ့ရှ်တွင် မျက်မမြင်ကလေးလေးသောင်းရှိခဲ့သည်။ ၎င်းတို့အထဲမှ ကလေးတစ်သောင်းနှင့် တစ်သောင်းနှစ်ထောင်သည် မျက်စိအတွင်းတိမ်ဝေဒနာအား ခွဲစိတ်ကုသမှု မလုပ်ရသေးသောကြောင့် မျက်စိကွယ်လျက်ရှိသည်ကို တွေ့ရှိရသည်။

နိုင်ငံတကာမျက်မမြင်များ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့(အက်စ်အက်စ်အိုင်)၏ စီစဉ်မှုဖြင့် ဘင်္ဂလားဒေ့ရှ်ရှိ မျက်မမြင်ကလေးများ၏ မျက်စိအတွင်းတိမ်များအား ခွဲစိတ် ကုသကြမည်ဖြစ်သည်။

**လုပ်ဆောင်**

အက်စ်အက်စ်အိုင်သည် ပုံမှန် အစီအစဉ်များကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် လုပ်ဆောင်မည်ဖြစ်သော်လည်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ၂၀၀၄ ခုနှစ် ဇူလိုင်လကစတင် လုပ်ဆောင်ခဲ့ကြောင်း အက်စ်အက်စ်အိုင်မှ ဒေါက်တာဟော့စ်စိန်က ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဒိုင်ဟတ်ဆုကားများ အင်ဒိုနီးရှား၌တိုးထုတ်မည်

**ဂျကာတာ နိုဝင်ဘာ ၁၁**

ဂျပန်ကား ထုတ်လုပ်ရေးကုမ္ပဏီကြီး တစ်ခုဖြစ်သည့် ဒိုင်ဟတ်ဆု ကားကုမ္ပဏီသည် အင်ဒိုနီရှားနိုင်ငံ၏ စတုတ္ထအများဆုံး ကားထုတ်လုပ်ပေးနေသည့် ကုမ္ပဏီအဖြစ် ဆက်လက်ထိန်းသိမ်းထားရန် ကြိုးပမ်းမှု တစ်ရပ်အဖြစ် တစ်လလျှင် အင်ဒိုနီးရှားနိုင်ငံ၌ ကားစင်းရေ ၁၁၀၀၀ ထုတ်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် အဆိုပါ မော်တော်ကားစက်ရုံမှ ၂ဒသမ ၃မိနစ်တွင် မော်တော်ကား တစ်စီးနှုန်းသို့မဟုတ် တစ်လလျှင် ၁၀၀၀၀ နှုန်း ထုတ်ပေးလျက်ရှိကြောင်း၊ မိမိတို့သည် နှစ်မိနစ်တွင် ကားတစ်စီးနှုန်း ထုတ်ရန် စီစဉ်လျက်ရှိကြောင်း အေဒီအမ် ဒုတိယ ညွှန်ကြားရေးမှူး နိုယာဂျာဂျို ဒါမက်ဂျီးက ပြောကြားသည်။

ယခုနှစ် ပထမကိုးလတွင် ဒိုင်ဟတ်ဆုကားများ အင်ဒိုနီးရှား၌ ၃၄၃၅၀စီး ရောင်းချရကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

# ကျန်းမာရေးဆိုင်ရာထိပ်သီးအစည်းအဝေး အိန္ဒိယနိုင်ငံတွင် နိုဝင်ဘာ ၁၇ ရက်၌ ကျင်းပမည်

နယူးဒေလီ နိုဝင်ဘာ ၁၁

**အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုကဏ္ဍတိုးမြှင့်ရန်နှင့် အိန္ဒိယနိုင်ငံက ကမ္ဘာ့ကျန်းမာရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် နှစ်ရက်ကြာ ကျန်းမာရေးထိပ်သီးအစည်းအဝေးတစ်ရပ်ကို အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါ ကျန်းမာရေးထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်း ၅၅နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းကျန်းမာရေးထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အိန္ဒိယတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ လုံခြုံဘေးကင်းရေးနှင့် ထိရောက်စွာအကျိုးဖြစ်ထွန်းစေရေးစသော အကြောင်းအရာများနှင့်အတူ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယသည် ကျန်းမာရေးကဏ္ဍတွင် တိုးတက်အောင် လုပ်ဆောင်ခဲ့သော်လည်း ယင်း၏ဆောင်ရွက်ချက်များသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ရာတွင် မျှော်လင့်သလောက် ဖြစ်မလာသေးဘဲရှိကြောင်း အိန္ဒိယအမျိုးသား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ နာရက်ရှ်ထရီဟန်က ပြောကြားသည်။

အဆိုပါထိပ်သီးအစည်းအဝေးသည် အိန္ဒိယနှင့် ပြည်ပနိုင်ငံများမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံအုပ်ချုပ်သူများ ပါဝင် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ပီတီအိုင်**

# ကယ်ကွတ်မြို့အနီးတွင် လမ်းဘေးဗုံးများပေါက်ကွဲ
# အီရတ်အစောင့်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၁

**အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွယ်မြို့အနီးတွင် ဗုဒ္ဓဟူးနေ့က လမ်းဘေးဗုံးများ ပေါက်ကွဲမှုကြောင့် အီရတ်အစောင့်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားအစောင့်တပ်ဖွဲ့ ဗိုလ်ချုပ်တစ်ဦးက ပြောကြားသည်။**

အမျိုးသားအစောင့်တပ် ကင်းလှည့်တပ်ဖွဲ့သည် စစ်စခန်းသို့သွားစဉ် ကယ်ကွတ်၏ မြောက်ဘက် ကီလိုမီတာ ၆၀အကွာရှိ တူဇ်အနီး လမ်းပေါ်တွင် နံနက် ၇း၄၅နာရီဝန်းကျင်၌ လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲထိမှန်ခံခဲ့ရကြောင်း ဗိုလ်ချုပ်အင်နူးအာမိုဟာမက်က ပြောကြားသည်။

**သေဆုံး**

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ယာဉ်တစ်စီး ပျက်စီးပြီး တပ်မှူးတစ်ဦးအပါအဝင် ယာဉ်ပေါ်ရှိ အီရတ်အစောင့်တပ်ဖွဲ့ဝင် လေးဦးစလုံးသေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မိနစ် ၂၀ခန့်အကြာတွင် ပထမပေါက်ကွဲသည့် နေရာအနီး၌ အခြားအမျိုးသား အစောင့်တပ်ဖွဲ့ ယာဉ်တန်းရောက်ရှိလာစဉ် ဒုတိယဗုံးတစ်လုံး ပေါက်ကွဲသဖြင့် နှစ်ဦးသေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်တပ်ဖွဲ့ဝင်အများစုမှာ ဒေသခံများဖြစ်ကြောင်း သိရသည်။ လက်နက်ကိုင်ပြောက်ကျားများသည် အီရတ်နိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲပျက်ပြားစေရန် တိုက်ခိုက်လျက်ရှိရာ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့သည် မကြာခဏ ပစ်မှတ်ဖြစ်ခဲ့ကြရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# နိုဝင်ဘာ ၁၁ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၅၅ ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၂

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

**တိုက်ပွဲ၌သေဆုံး**

နိုဝင်ဘာ ၁၁ရက် ကြာသပတေးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၅၅ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၇၇ ဦးမှာ တိုက်ပွဲ၌သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၁၇ဦးဖြစ်ပြီး ယင်းအနက် ၇၇၈ဦးမှာ တိုက်ပွဲ၌သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# အီရတ်မြောက်ပိုင်းရှိ ဓာတ်ငွေ့ပိုက်လိုင်း
# တိုက်ခိုက်ရေးသမားများ ဖောက်ခွဲဖျက်ဆီး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၁

**အီရတ်ဖောက်ခွဲတိုက်ခိုက်ရေးသမားများသည် အီရတ်မြောက်ပိုင်းရှိ ဓာတ်ငွေ့ပိုက်လိုင်းတစ်လုံးကို ယနေ့ဖောက်ခွဲဖျက်ဆီးလိုက်ကြောင်း ရေနံလုပ်ငန်းအရာရှိတစ်ဦးက ပြောကြားသည်။**

ဖောက်ခွဲတိုက်ခိုက်ရေးသမားများ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အီရတ်မြောက်ပိုင်း ကယ်ကွတ်မြို့အနီးရှိ နော့သ်ဓာတ်ငွေ့ကုမ္ပဏီနှင့် ကက်ဘ်ဘာဇာဓာတ်ငွေ့တွင်းများကို ဆက်သွယ်ထားရသာ ဓာတ်ငွေ့ပိုက်လိုင်း ပျက်စီးသွားကြောင်း နော့သ်ရေနံကုမ္ပဏီအရာရှိတစ်ဦးက ပြောကြားသည်။

**အတိအကျမသိ**

မီးသတ်သမားများက မီးကိုငြိမ်းသတ်နေဆဲရှိကြောင်း၊ သုံးရက်ကြာ ပြင်ဆင်ရဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။ ပိုက်လိုင်းပျက်စီးမှုကြောင့် ဘေဂျီဓာတ်အားစက်ရုံ အပါအဝင် ဓာတ်အားစက်ရုံအချို့ ထိခိုက်ဖွယ်ရှိသော်လည်း မည်မျှပျက်စီးမှုရှိမည်မှာ ချက်ချင်းအတိအကျမသိရသေးကြောင်း ၎င်းအရာရှိက ပြောကြားသည်။

**တိုက်ခိုက်**

အီရတ်တိုက်ခိုက်ရေးသမားများသည် ဓာတ်ငွေ့နှင့် ရေနံအခြေခံအဆောက်အအုံများကို မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းရန် လိုအပ်သည့်ဝင်ငွေကို အဆိုပါဓာတ်ငွေ့နှင့် အခြေခံရေနံအဆောက်အအုံများက ရရှိခဲ့ကြသည်။ **(အင်တာနက်)**

**ကားဗုံးပေါက်ကွဲ**

**ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးခိုးလုံးများ တက်နေသည်ကို နိုဝင်ဘာ ၁၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)




# အလာဝီ၏ မိသားစုဝင်သုံးဦး ပြန်ပေးဆွဲခံရ
# တောင်းဆိုချက်များကို မလိုက်လျောလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ထား

ဘဂ္ဂဒက် နိုဝင်ဘာ ၁၀

**အီရတ်ဝန်ကြီးချုပ်၏ မိသားစုဝင်သုံးဦးအား ဘဂ္ဂဒက်ရှိ ၎င်းတို့၏ နေအိမ်မှနေ၍ ပြန်ပေးသမားတို့က ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း၊ အကယ်၍ ဖလူးဂျာမြို့အား ဝန်းရံပိတ်ဆို့ထားမှုများ မရုပ်သိမ်းလျှင် နှစ်ရက်အတွင်း ၎င်းတို့အား သတ်ပစ်မည်ဟု ပြန်ပေးသမားတို့က ခြိမ်းခြောက်ထားကြောင်း အီရတ်ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။**

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ဝန်ကြီးချုပ်၏ ဆွေမျိုးတော်စပ်သူများအား ဘဂ္ဂဒက်အနောက်ပိုင်း ယာမော့ခ်အရပ်ရှိ ၎င်းတို့၏ နေအိမ်မှနေ၍ အင်္ဂါနေ့ညနေပိုင်း၌ ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ကြောင်း ကြားဖြတ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**တောင်းဆို**

ပြန်ပေးဆွဲခံရပြီး ပျောက်ဆုံးနေသူများမှာ ဝန်ကြီးချုပ်၏ ညီအစ်ကိုဝမ်းကွဲတော်သူ ဂါဇီအလာဝီနှင့် ညီအစ်ကိုဝမ်းကွဲ၏ ဇနီးနှင့် သမီးချွေးမတို့ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဂါဇီအလာဝီမှာ အသက် ၇၅နှစ်ရှိပြီး နိုင်ငံရေးအသင်းအဖွဲ့ဝင်တစ်ဦးမဟုတ်သည့်အပြင် အစိုးရအဖွဲ့တွင် ရာထူးယူထားခြင်းလည်းမရှိကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ ပြန်ပေးသမားတို့က အီရတ်တွင် ဖမ်းဆီးထားသော အမျိုးသား၊ အမျိုးသမီး အကျဉ်းသားများအားလုံးလွှတ်ပေးပြီး ဖလူးဂျာမြို့အား ဝိုင်းရံပိတ်ဆို့ထားခြင်းကိုဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြသည်။

**အသတ်ခံရ**

အကယ်၍ ၄၈နာရီအတွင်း တောင်းဆိုချက်များကို လိုက်လျောခြင်းမရှိလျှင် ဖမ်းဆီးထားသူများကို သတ်ပစ်မည်ဖြစ်ကြောင်း ပြန်ပေးသမားတို့က အလာဝီအားခြိမ်းခြောက်ထားသည်။ အီရတ်နိုင်ငံတွင် အီရတ်လူမျိုးရာပေါင်းများစွာသည် မကြာမီလများအတွင်း၌ ပြန်ပေးဆွဲခြင်း ခံခဲ့ကြရသည်။ အဓိကအားဖြင့် ပြန်ပေးအုပ်စုများက ပြန်ပေးဆွဲထားသူများအားရွေးရန် ငွေကြေးကို တောင်းဆိုခဲ့ကြသည်။ ၂၀၀၃ခုနှစ် ဧပြီလတွင် ဆက်ဒမ်အစိုးရ ဖယ်ရှားခြင်းခံခဲ့ရချိန်မှစပြီး အီရတ်၌ နိုင်ငံခြားသား ၁၇၀ကျော် ပြန်ပေးဆွဲခြင်းခံခဲ့ရပြီး ၃၀ကျော် အသတ်ခံခဲ့ကြရသည်။ **(အင်တာနက်)**



**ဒဏ်ရာရ**

**ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော သားငယ်အား ပွေ့ချီလာသော အီရတ်အမျိုးသားတစ်ဦးကို နိုဝင်ဘာ ၁၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



မိုဆူးလ်မြို့တွင် အမေရိကန်စစ်ယာဉ်နှစ်စီးအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အီရတ်ပြောက်ကျားများကို နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဖလူးဂျာအားတိုက်ခိုက်ရာ၌ ပြည်သူများထိခိုက်မှုမရှိစေရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ပြောကြား

မော်စကို နိုဝင်ဘာ ၁၁

**အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်နိုင်ငံတွင် စစ်ရေးအရ တိုက်ခိုက်မှုများ ပြုလုပ်ရာတွင် အီရတ်ပြည်သူများကို ထိခိုက်မှုနှင့် ဘေးဒုက္ခရောက်စေမည့် အဖြစ်အပျက်များကို မပြုလုပ်ရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ပြောကြားလိုက်ကြောင်း အီတာတာ့စ် သတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။**

အီရတ်တွင် အမေရိကန်တို့က စစ်ရေးအရ တိုက်ခိုက်နေမှုများမှာ ခြိမ်းခြောက်သည့်အနေအထားသို့ တဖြည်းဖြည်းရောက်ရှိနေကြောင်း မော်စကိုတွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ယာကိုဗင်ကိုက ပြောကြားသည်။

**ဖော်ပြ**

အီရတ်နိုင်ငံ ဖလူးဂျာမြို့ကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များက အပြင်းအထန် စစ်ဆင်တိုက်ခိုက်နေခြင်းကို အဆိုပါ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ရည်ညွှန်းပြီး မှတ်ချက်ပြု ပြောကြားခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**သေဆုံး**

အီရတ်နိုင်ငံအနောက်ဘက်ရှိ ဖလူးဂျာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ ဒါဇင်များစွာနှင့် အီရတ်လက်နက်ကိုင်အချို့ သေဆုံးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## စစ်ရေးတွင် ဒေါ်လာ ၄၅၀ ဘီလီယံသုံးပြီး ဖွံ့ဖြိုးရေး၌ ၁၅ ဘီလီယံသာ ကန်သုံးစွဲ အလွန်အန္တရာယ်ရှိသော လမ်းကြောင်းပေါ် အမေရိကန်ရောက်နေဟု သတိပေး

ကုလသမဂ္ဂ နိုဝင်ဘာ ၁၁

**အမေရိကန်ပြည်ထောင်စုသည် စစ်ရေးကိစ္စတွင် နှစ်စဉ်ဒေါ်လာ ၄၅၀ ဘီလီယံသုံးစွဲနေပြီး ဆင်းရဲနွမ်းပါးသော နိုင်ငံများ ဖွံ့ဖြိုးမှုတိုးတက်ရေးတွင် ဒေါ်လာ ၁၅ ဘီလီယံသာ သုံးစွဲနေခြင်းကြောင့် အလွန်အမင်း အန္တရာယ်ရှိသော လမ်းကြောင်းပေါ်ရောက်ရှိနေကြောင်း ကုလသမဂ္ဂ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုအဖွဲ့ အကြီးအကဲက အင်္ဂါနေ့၌ သတိပေးလိုက်သည်။**

စစ်ရေးနည်းဖြင့် လုံခြုံရေးပြဿနာများကို မိမိတို့မဖြေရှင်းနိုင်ကြောင်း၊ ထိုစစ်ရေးနည်းဖြင့် မည်သူမျှ အစဉ်သဖြင့် ဖြေရှင်းအောင်မြင်နိုင်မည် မဟုတ်ကြောင်း၊ ငတ်မွတ်ခေါင်းပါးသူများ လုပ်မိလုပ်ရာကို တစွတ်ထိုးလုပ်ဆောင်ကြမည်ဖြစ်ရာ ၎င်းတို့နေထိုင်ရာဒေသများသည် ပြိုကွဲပျက်စီးကြရမည်ဖြစ်ကြောင်း ဂျက်ဖရီ ဆက်ချ်က ပြောကြားသည်။

**သုံးစွဲ**

အလှူရှင်နိုင်ငံကြီး ၂၂ နိုင်ငံအနက် အမေရိကန်ပြည်ထောင်စုသည် ဖွံ့ဖြိုးရေးကိစ္စများတွင် ယင်း၏ စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး၏ အနိမ့်ဆုံး ရာခိုင်နှုန်းဖြစ်သော သုည ဒသမ ၁၄ ရာခိုင်နှုန်းကိုသာ သုံးစွဲပြီး လွန်ခဲ့သည့် ၃၄ နှစ်၌ နိုင်ငံများအားလုံးက သုည ဒသမ ၇၀ သုံးစွဲရန် လျာထားသဘောတူခဲ့ကြကြောင်း သတင်းစာရှင်းလင်းပွဲ၌ ဆက်ချ်က နှိုင်းယှဉ်ဖော်ပြသည်။

**အကောင်းဆုံး**

လူသားများ ကမ္ဘာမြေပေါ်၌ မည်သို့ အသက်ရှင် နေထိုင်နိုင်မည်ဆိုသော ပြဿနာများကို ဖြေရှင်းခြင်းသည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊အေပီ**

## ဘဂ္ဂဒက်နှင့် ရာမာဒီမြို့များတွင် တိုက်ခိုက်မှုများဖြစ်ပွား

**ရာမာဒီ နိုဝင်ဘာ ၁၁**

အီရတ်နိုင်ငံ ဖလူးဂျာမြို့အား ထိုးစစ်ဆင်နွှဲလျက်ရှိသလို နိုင်ငံအနှံ့အပြား၌လည်း တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ရာမာဒီမြို့၌ တိုက်ခိုက်ရေးသမားများ စုရုံးလျက်ရှိပြီး၊ ဘဂ္ဂဒက်မြို့၌လည်း ရဲတပ်ဖွဲ့ယာဉ်တန်းကို တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးကာ ၁၀ဦး ဒဏ်ရာရရှိခဲ့သည်။ ယမန်နေ့ တစ်နေ့အတွင်း၌ပင် ဘဂ္ဂဒက်တွင် ဖြစ်ပွားသော သီးခြားဖြစ်ရပ်လေးခုကြောင့် အီရတ် ၁၅ဦး သေဆုံးခဲ့သည်။

**ဖမ်းဆီး**

ဘာကူဘာအနီးရှိ မြို့နှစ်မြို့မှ ရဲစခန်းများကိုလည်း တိုက်ခိုက်ခဲ့ရာ တိုက်ခိုက်သူ လေးဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်ကုန်က နာဂျက်ဖ်မြို့တွင် ပြန်ပေးဆွဲခံခဲ့ရသော အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင် ၁၂ဦး၏ ဈာပနကို အင်္ဂါနေ့က ကျင်းပခဲ့သည်။ ရဲတပ်ဖွဲ့ ဝတ်စုံဝတ်ဆင်ထားသော လက်နက်ကိုင်များက ၎င်းတို့ကို ဖမ်းဆီးပြီးနောက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျရောက်ပေါက်ကွဲ**

ဤအတောအတွင်း ကယ်ကွတ်မြို့အနီးရှိ အီရတ်အစိုးရ လုံခြုံရေးတပ် အခြေစိုက်စခန်းကို ပစ်မှတ်ထား တိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားခဲ့သည့်အပြင် စာသင်ကျောင်းတစ်ခုအတွင်းသို့ စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲခဲ့သဖြင့် လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## ယူဖရေးတီးမြစ်အတွင်း သံချပ်ကာယာဉ်ထိုးကျ၊ ကန်မရိန်းနှစ်ဦးသေဆုံး

ဖလူးဂျာ နိုဝင်ဘာ ၁၂

**တိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားရာ ဖလူးဂျာမြို့လယ်ကို အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များ နီးကပ်လာသည်နှင့်အမျှ ပြင်းထန်သော ခုခံတိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ရက်အတန်ကြာ လေကြောင်းမှ တိုက်ခိုက်မှုများနှင့် အမြောက်နှင့်ပစ်ခတ်မှုများ တနင်္လာနေ့က ပြုလုပ်ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ မြို့မြောက်ဘက်မှ မြို့တွင်းသို့ ဝင်ရောက်ခဲ့သည်။**



**ဘာကူဘာမြို့အနီးတွင် လမ်းဘေး ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ထိုးစစ်ဆင်နွှဲမှု၏ ဒုတိယမြောက်နေ့ဖြစ်သော အင်္ဂါနေ့တွင် ဖလူးဂျာမြို့တွင်းသို့ အနည်းဆုံးတစ်ကီလိုမီတာအထိ ရောက်ရှိပြီး မြို့လယ်နှင့် မဝေးတော့ကြောင်း သိရသည်။ တိုက်ခိုက်ရေးသမားများက မြို့၏ အနောက်မြောက်ဘက်ရှိ ဂျိုလန်ဒေသမှ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ အနည်းဆုံး တိုက်ခိုက်ရေးသမား ၄၂ ဦး သေဆုံးသည်ဟု ခန့်မှန်းရရှိသည်။

**သေဆုံးခဲ့**

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသည် ၎င်းတို့လိုက်ပါလာသော ဘူဒိုဇာ သံချပ်ကာယာဉ် ယူဖရေးတီးမြစ်တွင်း ထိုးချသွားမှုကြောင့် သေဆုံးခဲ့သည်။ တနင်္လာနေ့က ပြုလုပ်ခဲ့သော ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားအနည်းဆုံး ၁၅ဦးသေဆုံးခဲ့ကာ သေဆုံးမှု ပိုမိုမြင့်မားလာနိုင်ကြောင်း သိရှိရသည်။ မြို့တွင်း၌ အရပ်သားတစ်သိန်းခန့်အထိ ရှိနေနိုင်ပြီး ယမန်နေ့က သေဆုံးထိခိုက်မှုနှင့် ပတ်သက်ပြီး သတင်းမရရှိသေးကြောင်း သိရသည်။ ဖလူးဂျာမြို့တွင်း တိုက်ခိုက်ရေးသမား တစ်ထောင်မှခြောက်ထောင်ခန့်အထိရှိနေကြောင်း အမေရိကန် စစ်ဘက်က ပြောကြားခဲ့သည်။

ထိုသူများထဲမှ အချို့သည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် အယ်ဇာကာဝီထောက်ခံသူများဖြစ်ကာ အချို့က ဆက်ဒမ်ဟူစိန်ကို သစ္စာစောင့်သိသူများဖြစ်သည်ဟု ဆိုသည်။ ဖလူးဂျာမြို့တိုက်ပွဲအတွက် အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်တစ်သောင်းမှ တစ်သောင်းခွဲအထိ ပါဝင်ကြောင်း၊ ယခုစစ်ဆင်မှုသည် ဇန်နဝါရီလမှာ ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ အမာခံနယ်မြေကို အစိုးရကထိန်းချုပ်ထားနိုင်ရန် အရေးပါသည့် စစ်ရေးဆောင်ရွက်မှုဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

## အီရတ်ပြည်သူများ စီးပွားရေး ကျပ်တည်းမှုဒဏ်ကို ပိုမိုခံစားနေကြရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၀

**အီရတ်နိုင်ငံတွင်ဖြစ်ပွားသည့် အကြမ်းဖက်မှုက သေဆုံးသူအရေအတွက်ကို ကြီးမားများပြားစေခဲ့ပြီး နေ့စဉ်ကြုံတွေ့ရသော စီးပွားရေးအကျပ်အတည်းဖြစ်မှုများက အီရတ်ပြည်သူများကို ပိုမိုထိခိုက်ခံစားစေခဲ့ပြီ ဖြစ်သည်။ အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်များ သိမ်းပိုက်ထားသည့် လ ၂၀ နီးပါးအတွင်း အသက်ရှင်ရေး ကြိုးပမ်းအားထုတ်ရသော အခြေအနေတစ်ရပ်ကို အီရတ်တို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်။**

အီရတ်နိုင်ငံတွင် ယခုအခါ အလုပ်လက်မဲ့ဖြစ်မှု ၇၀ ရာခိုင်နှုန်းရှိပြီး မကြာသေးမီက လေ့လာတွေ့ရှိချက်အရ အမေရိကန်ဦးဆောင်ပြီး အီရတ်နိုင်ငံအား ပိတ်ပင်အရေးယူထားစဉ်ကာလအတွင်း ဆက်ဒမ်ဟူစိန်အစိုးရက သတ်မှတ်ခဲ့သည့် အစားအစာခွဲတမ်းပျက်ပြားခဲ့မည်ဆိုလျှင် အီရတ်လူမျိုး ၂၅ ရာခိုင်နှုန်းကျော် ငတ်မွတ်ပြီး သေဆုံးကြလိမ့်မည်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဘဂ္ဂဒက်မြို့ရှိ အယ်လ်အဒါမီယာအရပ်တွင် ဟင်းသီးဟင်းရွက်ရောင်းစားသူ အဘူအာမက်အယ်လ်ဟာဒီသီဆိုသူက ယခုအခါ စီးပွားရေး အလွန်ကျပ်တည်းကြောင်း၊ ဓာတ်ငွေ့နှင့် အစားအစာဈေးနှုန်းများ အဆမတန်မြင့်မားကြောင်း ပြောကြားသည်။ **(အင်တာနက်)**

13-11 (06).p65 6 3/24/05, 8:33 PM

# စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ဆားလင်းကြီးမြို့နယ်က ငွေသာရေလှောင်တမံ

## ငွေသာရေလှောင်တမံ၏ ရေပေးလက်တံတူးမြောင်း

**စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် လယ်မြေဧက ၃၀၀၀ အတွက် အကျိုးပြုနေသော ငွေသာရေလှောင် တမံ၏ ရေပေးလက်တံတူးမြောင်းကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



## ငွေသာရေလှောင်တမံ

| | | |
|---|---|---|
| တည်နေရာ | - | စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ငွေသာကျေးရွာ အနီး ငွေသာချောင်းပေါ် |
| တည်ဆောက်သည့်ဌာန | - | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄) |
| စတင်တည်ဆောက်သည့်နှစ် | - | ၂၀၀၂ ခုနှစ် |
| တည်ဆောက်ပြီးစီးသည့်နှစ် | - | ၂၀၀၄ ခုနှစ် |
| ဖွင့်လှစ်ခဲ့သည့်နေ့ | - | ၂၄-၄-၂၀၀၄ |
| တမံအမျိုးအစား | - | မြေသားတမံ၊ သံကူကွန်ကရစ် ရေထုတ်ပြွန် |
| တမံအမြင့်/အလျား | - | ၅၈ ပေ / ပေ ၅၂၈၀ |
| ရေလှောင်ပမာဏ | - | ဧက ပေ ၂၄၀၀ |
| ရေပြည့်ရေလှောင်ပမာဏ | - | ဧကပေ ၁၅၂၅၀ |
| အကျိုးပြု လယ်မြေဧက | - | ၃၀၀၀ |



**စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်တွင် တည်ဆောက်ပေးထားသည့် ငွေသာရေလှောင်တမံ၏ ရေပိုလွှဲကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

## ငွေသာရေလှောင်တမံ

**စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်တွင် ၂၀၀၄ ခုနှစ် ဧပြီ ၂၄ ရက်က ဖွင့်လှစ်ပေးခဲ့သည့် လယ်မြေဧက ၃၀၀၀ အတွက် ရေပေးဝေလျက်ရှိသည့် ငွေသာရေလှောင်တမံတည်ဆောက်ပြီးစ အခြေအနေကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)





နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟာတ်ဆန်ဝီရာယုဒနှင့် အဖွဲ့ နိုဝင်ဘာ ၁၁ ရက်က ဒူးဇစ်အင်းလျားလိတ် ဟိုတယ်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

### ☆ ကျောဖုံးမှ

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီယိုဆို ပရိုဂျိုဝါဆီတို့နှင့် အင်ဒိုနီးရှားသံရုံးမှ သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ဧည့်သည်တော် ဝန်ကြီးသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ယင်းနေ့ညနေ ၆နာရီခွဲတွင်ဒူးဇစ်အင်းလျားလိတ်ဟိုတယ်သို့ သွားရောက်တွေ့ဆုံသည်။

#### အမြင်ချင်းဖလှယ်

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူဒုတိယဝန်ကြီး ဦးကျော်သူ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်နှင့် နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဗီယိုဆို ပရိုဂျိုဝါဆီတို့နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံအကြား အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့အား ဒူးဇစ်အင်းလျားလိတ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

#### လေ့လာကြည့်ရှု

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ကျောက်မျက်ရတနာပြတိုက် နှင့် အရောင်းပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟာတ်ဆန် ဝီရာယုဒနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

#### ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ဝန်ကြီးနှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဗီယိုဆို ပရိုဂျိုဝါဆီတို့နှင့် အင်ဒိုနီးရှားသံရုံးမှ သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## သီတဂူဆရာတော်ဓမ္မသဘင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော်အရှင်ဉာဏိဿရ (D.Litt)၏ တရားပွဲကို နိုဝင်ဘာ၁၅ရက် (တနင်္လာနေ့)ညတွင် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် ကောက်လျှင်လမ်း၌ ကျင်းပမည်ဟုသိရသည်။ **(က-ပ)**

### ✻ ကျောဖုံးမှ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။

#### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၁)ရပ်ကွက် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို အဆိုပါစက်ရေတွင်းမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့ဝင်များသည် စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

#### ထိန်းသိမ်းစောင့်ရှောက်

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြည်သူများသန့်ရှင်းသည့် သောက်သုံးရေရရှိရေးသည် အရေးကြီးသော အခြေခံအကြောင်းတရားတစ်ခုဖြစ်ရာ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တွင် သန့်ရှင်းသည့် သောက်သုံးရေရရှိရေးလုပ်ငန်းကို ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်နေပြည်သူများအနေဖြင့် မိမိတို့ရပ်ကွက်အတွင်း သန့်ရှင်းသည့်သောက်သုံးရေရရှိရေးအတွက် တူးဖော်ပေးထားသည့် စက်ရေတွင်းကြီးကို ရေရှည်တည်တံ့ခိုင်ခံ့စေရန် ပိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၉၇၉ စောင်ကို ပေးအပ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၁) ရပ်ကွက် သိမ်ချောင်းလမ်းနှင့် တိုင်တစ်ရာကျောင်းလမ်းထောင့်ရှိ စက်ရေတွင်းသည် လေးလက်မ အရွယ်အစား အဝီစိတွင်းဖြစ်ပြီး အနက်ပေ ၅၄၀ရှိသည်။ မြင်းကောင်ရေ ၇ ဒသမ ၅ ကောင်ရှိ ဒီဇယ်အင်ဂျင်တပ်ဆင်ထားကာ တစ်နာရီရေဂါလန် ၆၀၀ ရရှိသည်။ ၎င်းစက်ရေတွင်းတူးဖော်ခြင်းကြောင့် အိမ်ခြေ ၆၆၂လုံး၊ လူဦးရေ ၃၁၈၇ ဦးတို့အား သန့်ရှင်းသည့် သောက်သုံးရေ ဖြန့်ဝေပေးနိုင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ပံ့ပိုးကူညီငွေ ၁၉၈၇၅၁၅ ကျပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် စဥ့်အိုးတန်းလမ်းအောက်လမ်း၌ ရေပိုက်အသစ်လဲလှယ်ဆောင်ရွက်ခြင်း အခမ်းအနားသို့ သွားရောက်ကာ လသာမြို့နယ် စဥ့်အိုးတန်းအောက်လမ်း လမ်းသူလမ်းသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၂၁၂ စောင်ကို ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံရယူသည်။

#### ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့သည် လသာမြို့နယ် စဥ့်အိုးတန်းလမ်း အောက်လမ်း၌ သောက်သုံးရေကောင်းမွန်စွာ ရရှိစေရန် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ အသင်းဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းကာ သံချေးများဖြင့် ပိတ်ဆို့နေသော ရေပိုက်များကိုတူးဖော်ပြီး ရေပိုက်အသစ်များဖြင့် လဲလှယ်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၁)ကြည့်မြင်တိုင် စုပေါင်းအာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၂

**အထက(၁)ကြည့်မြင်တိုင်(ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း)(ယခင်အေဘီအမ်)၏ ပထမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၆ရက်(သောကြာနေ့) တန်ဆောင်မုန်းလပြည့်နေ့ နံနက်၁၁ နာရီတွင်ယင်းကျောင်းမြဝတ်ရည်ခန်းမ၌ ကျင်းပရန်စီစဉ်ထားသည်။**

**ကျောင်းသားကျောင်းသူဟောင်းများသည် အလှူငွေများကို ဒေါ်စွမ် ဖုန်း-၂၂၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း-၅၁၂၆၆၇၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၃၈၀၁၀၁၊ ဒေါ်အေးအေးသန်း ဖုန်း-၅၂၄၄၀၅၊ ဒေါ်ညွှန့်ညွှန့်စိန် ဖုန်း-၆၅၀၅၅၄၊ ဒေါ်သဇင် ဖုန်း-၅၀၀၁၉၈၊ ဒေါ်သန်းသန်းနိုင် ဖုန်း-၇၂၂၂၃၄၊ ဒေါ်မြင့်မြင့်တင် ဖုန်း-၅၃၉၄၁၁၊ ဒေါ်ဝင်းဝင်းမေ ဖုန်း-၇၂၁၇၀၄၊ ဒေါ်စပယ် ဖုန်း-၅၃၄၇၄၇ နှင့် ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၂၂၇၄၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ဆရာမကြီးများအနေဖြင့် အာစရိယပူဇော်ပွဲသို့တက်ရောက်ကြပါရန်နှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။** (မြန်မာ့အလင်း)

## တပ်မတော်ဆိုင်ရာအထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲဆုရသူများစာရင်းထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၀၄ခုနှစ် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ ဉာဏ်စမ်း ဖြေဆိုပြိုင်ပွဲများကို ပြုလုပ်ပေးခဲ့ရာ တက္ကသိုလ်အဆင့်မှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

#### တက္ကသိုလ်အဆင့်

တက္ကသိုလ်အဆင့်ပြိုင်ပွဲတွင် တပ်မတော်နည်းပညာ တက္ကသိုလ်မှ ဗိုလ်လောင်း ကောင်းထက်သော်က ပထမ၊ ဆေးတက္ကသိုလ်(၂)မှ သီဟထွန်းက ဒုတိယ၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ဗိုလ်လောင်း မြတ်ကိုကိုက တတိယရရှိကြပြီး နှစ်သိမ့်ဆုများကို တပ်မတော်နည်းပညာတက္ကသိုလ်မှ ဗိုလ်လောင်း အောင်မျိုးသူနှင့် တပ်မတော်နည်းပညာတက္ကသိုလ်မှ ဗိုလ်လောင်း ဇေယျာမင်းရွှေတို့က ရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဒီဇင်ဘာ ၁၂ ရက် စာဆိုတော်နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။ နှစ်သိမ့်ဆုရရှိသူများအား စာတိုက်ငွေပို့လွှာဖြင့် ဆုငွေများ ချီးမြှင့်သွားမည်ဖြစ်သည်။

#### သတင်းပို့

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ဒီဇင်ဘာ ၁၀ ရက်တွင် အစမ်းလေ့ကျင့်ပွဲ တက်ရောက်နိုင်ရန်နှင့် ဒီဇင်ဘာ ၉ ရက်တွင် ရုံးချိန်အတွင်း ဦးကိုကိုထွေး အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၁၉၇၃-၇၇)ဘူမိဗေဒကျောင်းသားဟောင်းများ တတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနတွင် ၁၉၇၃ မှ ၁၉၇၇ အထိ ပညာသင်ကြားခဲ့ကြသော ဘူမိဗေဒကျောင်းသားဟောင်းများသည်လာမည့် ဒီဇင်ဘာ ၁၁ ရက် ညနေ ၆နာရီတွင် ပင်ဒါဟိုတယ်ခန်းမ၌ အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများသည် အလှူငွေများကို ဦးခင်တိုး ဖုန်း-၀၉-၀၉-၂၂၄၉၉၊ ဦးကျော်စိုး ဖုန်း-၀၉-၉၉-၂၁၀၈၁၊ ဦးတင်မော် (မော်လမြိုင်) ဖုန်း- ၀၉-၅၀-၁၉၃၁၅၊ ဦးတင်အောင် ဖုန်း-၀၅၇-၂၅၃၂၅၊ ဦးရဲတင့် ဖုန်း-၀၉-၈၀-၃၁၆၄၂၊ ဦးသိန်းအောင် ဖုန်း-၂၂၆၇၇၉၊ ဦးအောင်ကြည် (ဓနုဖြူ) ဖုန်း-၂၄၈၀၂၃၊ ဦးလှမြင့်(ခရမ်း) ဖုန်း-၇၀၆၂၂၄နှင့် ဦးအေးလွင် ဖုန်း-၀၉-၅၀၀- ၆၂၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သာမဏေကျော်ဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပဲခူးမြို့ သာမဏေကျော်ပရိယတ္တိစာသင်တိုက်ရှိ ပဓာနဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာလင်္ကာရာဘိဝံသ (စ-သ-အ) ဓမ္မာစရိယ B.A (Myanmar), Qအမှူးပြုသော သံဃာတော်အပါး ၂၀၀ ကျော်တို့အား (၁၁)ကြိမ်မြောက် ဘုံကထိန်လျှာသင်္ကန်းလှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (နိုဝင်ဘာ ၂၁ ရက်)တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အကြိုတရားပွဲများအဖြစ် နိုဝင်ဘာ၂၀ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၂၁ရက်ညတွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ အရှင်သူမြတ်တို့က တရားတော်များကို ဟောကြားမည်ဖြစ်၍ အလှူရှင်များ ကြွရောက်ကြည်ညိုနိုင်ရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



**နိုဝင်ဘာ ၁၁ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဓာတုဗေဒ ဘာသာရပ်လက်တွေ့ သင်ခန်းစာကို ဆရာ ဆရာမများဦးဆောင်၍ ကျောင်းသား ကျောင်းသူများလက်တွေ့ဆောင်ရွက်နေကြစဉ်။ (က-ပ)**

# တပ်မတော်(လေ) လေကြောင်းအတတ်သင်လေတပ်စခန်း အမှတ်(၁) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

**တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်းကျောင်း အမှတ်စဉ်(၆၆) လေယာဉ်မောင်းသင်တန်းကျောင်းဆင်း တောင်ပံအပ်နှင်းပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ည ၇နာရီက မိတ္ထီလာမြို့ ရှမ်းတဲရှိ လေကြောင်းအတတ်သင်လေတပ်စခန်း သူရအုန်းခိုင်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်မင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်နှင့် တပ်မတော်(လေ)မှ လေတပ်စခန်းဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မိတ္ထီလာတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

အဆိုပါ ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ကျောင်းဆင်းအရာရှိများနှင့်အနုပညာရှင်များက မြန်မာမှုတေးသီချင်းများနှင့်မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသော တေးသီချင်းများကို အဆို၊ အကများဖြင့်ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် တက်ရောက်လာသည့်ဧည့်သည်တော်များက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများနှင့်ဂုဏ်ပြုပန်းခြင်းများပေးအပ်ချီးမြှင့်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# မဇ္ဈိမဂုဏ်ရည် မဟာဘုံကထိန်

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးတွင် ပုရိမဝါကပ်တော်မူကြကုန်သော ပဓာနနာယကဆရာတော်ဒေါက်တာဘဒ္ဒန္တကောဝိဒနှင့်သံဃာတော်များ၊ ပင့်သံဃာအရှင်မြတ်များအား စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း ၁၀ရက် (နိုဝင်ဘာ ၂၁ရက်) တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင်ရိပ်သာရှိ မဟာဓမ္မဗိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

# ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး ဒေသခံများနှင့်တွေ့ဆုံပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ဖြည့်ဆည်းပေး

ရန်ကုန် နိုဝင်ဘာ ၁၂

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ မိုင်းမကျေးရွာ ဘိန်းအစားထိုးသီးနှံစိုက်ခင်းသို့ ရောက်ရှိရာဒေသမှ တာဝန်ရှိသူများက ဘိန်းအစားထိုးသီးနှံ သရက်နှင့် လိုက်ချီးပင်များအောင်မြင်ဖြစ်ထွန်းမှုများကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းလားမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ တာဝန်ခံဆရာဝန် ဒေါက်တာကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်ကုသမှုနှင့် ပညာပေးဆောင်ရွက်မှုများကို တင်ပြသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုပြီး လူနာများအားအားပေးစကားပြောကြားကာ ဝန်ထမ်းများနှင့် လူနာများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းလားမြို့ နယ်စပ်ဂိတ်သို့ သွားရောက်၍ နှစ်နိုင်ငံအပြန်အလှန် သွားလာလည်ပတ်မှု အခြေအနေများကို ကြည့်ရှုပြီး မြန်မာနိုင်ငံဘက်သို့ လာရောက်လေ့လာလည်ပတ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ မိုင်းလားမြို့ ဘုရားဖြူတောင်ရှိ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂြိုဟ်တုဆက်သွယ်ရေးစခန်း၊ စာတိုက်နှင့်ရေဒီယိုဆက်သွယ်ရေးကြေးနန်းရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့ကျက်သရေဆောင် လျှောင်းတော်မူဘုရားဘက်စုံမွမ်းမံပြီးစီးမှုကိုလည်း ကြည်ညိုသည်။



ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မိုင်းလားမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ညပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် တာဝန်ရှိများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိုင်းလားဒေသအား မူးယစ်ဆေးဝါး ကင်းမဲ့ဇုန်အဖြစ် အရှည်တည်တံ့ ခိုင်မြဲရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။တိုင်းရင်းသားခေါင်းဆောင်များ၏တင်ပြချက်များကိုလည်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မိုင်းလား–ဆီလူး ကားလမ်းရှိ နာန့်ပန်းရေအားလျှပ်စစ်စက်ရုံသို့ရောက်ရှိပြီး မိုင်းလားမြို့သို့လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေများ စစ်ဆေးသည်။ ဆက်လက်၍ မိုင်းလား–ဆီလူးကားလမ်းချဲ့ထွင်အဆင့်မြှင့်ခြင်းလုပ်ငန်းခွင်ကို စစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိ စစ်ဆေးပြီး မြို့ သန့်ရှင်း သာယာလှပရေးနှင့် စည်ပင်သာယာရေးလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ထိုမှတစ်ဆင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာဝန်ထမ်းများအတွက်လက်ဆောင်များပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဖျန်သို့ရောက်ရှိပြီး မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို စစ်ဆေးကာ ဒေသခံများနှင့်တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များမေးမြန်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဟိုတောင်းသို့ရောက်ရှိပြီး ဆက်သွယ်ရေး၊ စာတိုက်၊ကြေးနန်းရုံးနှင့် ကျေးလက် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မိုင်းပေါက်မြို့သို့ ရောက်ရှိပြီး UNODC နှင့် ပူးပေါင်းဆောင်ရွက်နေသော 'ဝ' ဒေသ အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းရုံးသို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာ မစ္စတာဂျူရမီကစီမံကိန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စီမံကိန်းရှိ နိုင်ငံခြားသား ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

**ထောက်ပံ့**

ဝန်ကြီးနှင့်အဖွဲ့သည် ပန်ဆန်းမြို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ပန်ဆန်းအထက်တန်းကျောင်းရှိ သင်ထောက်ကူစာသင်ခန်းများ စာသင်ကြားနေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပန်ဆန်းမြို့ ခုတင်(၅၀) ဆံ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၂၅)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်

ရန်ကုန် နိုဝင်ဘာ ၁၂

(၂၅)ကြိမ်မြောက် မဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တောင်ဥက္ကလာပမြို့နယ်(၁၃)ရပ်ကွက် ရတနာလမ်း ဓမ္မဓိဌာန် ပရိယတ္တိစာသင်တိုက်၌၁၃၆၆ခုနှစ်တန်ဆောင်မုန်းလဆန်း၁၅ရက်(နိုဝင်ဘာ ၂၆ရက်) သောကြာနေ့တွင် ဒေါ်တင်မေ၊ သမီး ဒေါက်တာသန့်သန့်စင်၊သား မောင်တင့်လွင်–ဒေါက်တာဌေးဌေးအောင် မိသားစု စမ်းချောင်း၊ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်ကြီးမင်းဇော်–ဒေါ်မာမာလွင် မိသားစု ရတနာလမ်းတောင်ဥက္ကလာ၊အာဇာနည် ဒေါ်စန်းစန်း၊ တူမောင်ကျော်ဦး–မစန်းစန်းအေး၊ သမီး မခင်သန္တာကျော် ဆပ်ကပ်အဖွဲ့ သံသုမာလမ်း တောင်ဥက္ကလာ မိသားစုများနှင့် ကျောင်းဒါယကာ ကျောင်းဒါယိကာမများ စုပေါင်း၍ ဝါဆိုသံဃာ ၆၅ပါး၊ ပင့်သံဃာအပါး ၁၀၀တို့အား ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ရာ ကြွရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

# ဓိုးပင်ဝဲအနောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဓိုးပင်ဝဲကျေးရွာ ဓိုးပင်ဝဲအနောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် အကြိမ်(၆၀)မြောက်စုပေါင်းဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခု တန်ဆောင်မုန်းလဆန်း ၇ ရက် (နိုဝင်ဘာ ၁၈ ရက်) ကြာသပတေးနေ့နံနက် ၈နာရီမှစ၍ ဓိုးပင်ဝဲအနောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဝိဒ (မြို့နယ် သံဃနာယက အဖွဲ့ဝင်) အမှူးပြုသော ပင့်သံဃာတော် အပါး ၁၀၀ တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ (က–ပ)

# ပထမတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်း(ခ) ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေ၃ နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းက အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်း(ခ)အသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့သည် နိုဝင်ဘာ ၁၅ရက် ညနေ ၃ နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ယနေ့ပွဲ**

နိုဝင်ဘာ ၁၃ရက်(**ယနေ့**) ညနေ ၃နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဒုတိယတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဥက္ကလာလူငယ်အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (က–ပ)

# ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

**(World Diabetes Day)**

(၁၄–၁၁–၂၀၀၄)

**"အဝမလွန်အောင် ကြိုးစားကာ၊ ဆီးချိုသွေးချိုကာကွယ်ပါ"**

**"Fight Obesity, Prevent Diabetes"**

**ကျန်းမာရေးဝန်ကြီးဌာန။**

**✳ ကျောဖုံးမှ**

အချို့နေရာဒေသများတွင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာသီးနှံ ကုန်ထုတ်တိုးတက်ရေးကိုသာမက ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက်ပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၌ ဆည်တမံ ၁၆ခု အပါအဝင် ပခုက္ကူခရိုင်တွင် စုစုပေါင်း ဆည်တမံ ၄၇ခု တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ယင်းဆည်တမံများအနက် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာအနီးရှိ တဲကြီးရေလှောင်တမံမှာ တစ်ခုအပါအဝင်ဖြစ်သည်။ တဲကြီးရေလှောင်တမံမှာ မိကျောင်းချောင်းကိုပိတ်၍ တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၁၃၅၀၊ တမံအမြင့် ၂၇ ပေနှင့် တမံထိပ်ဝအကျယ် ၁၆ ပေရှိသည်။ တဲကြီးရေလှောင်တမံကို ၂၀၀၄ ခုနှစ် မေလမှစတင်၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

တဲကြီးရေလှောင်တမံတွင် အကျယ်ပေ ၆၀ ရှိ ကျောက်စီပန်းရန်ရေပိုလွှဲ အမျိုးအစားပါရှိပြီး ရေထုတ်ပြွန်ကို အုတ်စီပန်းရန်ဖြင့် တည်ဆောက်ထားရာ ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၉၃၀ ရှိပြီး အကျိုးပြုဧကမှာ ဧက ၁၅၀ ဖြစ်သည်။ ယခုအခါဆည်မြောင်းဦးစီးဌာန မကွေးတိုင်းထိန်းသိမ်းရေးရုံးမှ တာဝန်ယူ၍ စက်ယန္တရားအား၊ လူစွမ်းအားများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သတင်းစကားပါးအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✳ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✳ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✳ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✳ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ဆိုသည်မှာ ဆီးချို သွေးချိုရောဂါကို ပိုမိုသတိမူလာကြရေးအတွက် မူလရည်ရွယ်၍ ကမ္ဘာတစ်လွှား ပြုလုပ်သော လှုပ်ရှားမှုတစ်ရပ် ဖြစ်သည်။ ရောဂါဖြစ်ရခြင်းအကြောင်းရင်းများ၊ ရောဂါလက္ခဏာများ၊ နောက်ဆက်တွဲ ဆင့်ပွားရောဂါများနှင့် ကုထုံးများ အကြောင်းကို လူထုတစ်ရပ်လုံး နားလည်ပြီး အသိပညာ ရရှိစေရန် ရည်ရွယ်သည်။ ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့သည် တရိပ်ရိပ် မြင့်တက်လာသော ဆီးချို သွေးချိုရောဂါ ဖြစ်ပွားနှုန်းအား ထိန်းသိမ်းရန်၊ ယခုမှစ၍ အရေးယူဆောင်ရွက်မှု စတင်ရန် သတိပေးနေသည့် အရေးပါလှသော အထိမ်းအမှတ်နေ့တစ်နေ့ ဖြစ်သည်။

ကမ္ဘာအရပ်ရပ်၌ ဖြစ်ပွားနှုန်း မြင့်တက်လာနေသော ဆီးချို သွေးချိုရောဂါကို ကမ္ဘာသူ၊ကမ္ဘာသားအားလုံး သတိပြုလာစေရန် ၁၉၉၁ ခုနှစ်မှ စတင်၍ ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို စတင်ကျင်းပခဲ့သည်။ ၁၉၉၁ ခုနှစ်မှ စတင်၍ လူသိများလာသော ထိုအထိမ်းအမှတ်နေ့ကြီးက ကမ္ဘာတစ်ဝန်းရှိ ဆီးချို သွေးချိုရောဂါဖြစ်သူ၊ မဖြစ်သူ၊ ကလေး၊ လူကြီးမကျန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံအကြီးအကဲများနှင့် လူထုဆက်သွယ်ရေး လုပ်ငန်းများ စသဖြင့် ကဏ္ဍစုံမှလူဦးရေ သန်းပေါင်း ၃၅၀ ကျော်တို့အား လှုပ်ရှားပါဝင်နိုင်ရန် စုစည်း စည်းရုံးနိုင်ခဲ့ပြီး ဖြစ်သည်။

နိုဝင်ဘာ ၁၄ရက်နေ့အား ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပခဲ့ကြသည်။ ၁၉၂၁ ခုနှစ် အောက်တိုဘာလ၌ အင်ဆူလင်ဟော်မုန်းဓာတ်အား Charles Best ဆိုသူနှင့် အတူ စတင်ရှာဖွေတွေ့ရှိနိုင်စေခဲ့သော အကြံဉာဏ်ကို စတင်ခဲ့သူ Frederick Banting အား ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏မွေးနေ့ဖြစ်သော နိုဝင်ဘာ ၁၄ရက်နေ့အား **“ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့”** အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထောက်ခံအားပေးမှုဖြင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါ အဖွဲ့ချုပ်ကြီးမှ ဆီးချို သွေးချိုရောဂါအကြောင်း ပညာပေး အထောက်အကူပြု အချက်အလက် အကြောင်းအရာများကို ထုတ်ဝေကာ ၎င်းတို့ကို အဖွဲ့ဝင်များမှတစ်ဆင့် ဆီးချို သွေးချိုရောဂါရှင်များနှင့် ၎င်းတို့၏ မိသားစုများ၊ ပြည်သူလူထု၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာရှင်များ၊ လူထုဆက်သွယ် ပြန်ကြားရေးအဖွဲ့များနှင့် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ချနိုင်သူများအား ဖြန့်ဝေခဲ့သည်။ ၎င်းဆီးချို သွေးချိုရောဂါအကြောင်း ပညာပေးအထောက်အကူပြု အချက်အလက်အကြောင်းအရာများကို အသုံးပြုလျက် ပိုစတာ၊ လက်ကမ်းစာစောင်၊ စာအုပ်နှင့် ရုပ်မြင်သံကြား အစီအစဉ်များ ပြုလုပ်ကြကာ လူထုက ဆီးချို သွေးချိုရောဂါအား ပိုမိုသတိပြုမိလာရေးအတွက် ကြိုးစားအားထုတ်မှုများတွင် အသုံးချကြသည်။ ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ် ထိန်းသိမ်းရေးနေ့များကိုလည်း ကျင်းပကြကာ ကမ္ဘာနှင့်အဝန်း ဆီးချို သွေးချိုရောဂါအား သတိပြုမှုရေး လှုပ်ရှားမှုများ ပြုလုပ်ကြသည်။

လူထုက အထူးဂရုပြုမိစေရန် တူညီသော အကြောင်းအရာတစ်ခုကို နှစ်စဉ်ဆောင်ပုဒ်အဖြစ် ရွေးချယ်ကာ ၎င်းအပေါ်မူတည်၍ ‘ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့’ကို ကျင်းပကြသည်။ ယခင်က ဆောင်ပုဒ်များအတွက် အကြောင်းအရာများမှာ ဆီးချို သွေးချိုရောဂါနှင့် လူ့အခွင့်အရေး၊ ဆီးချို သွေးချိုရောဂါနှင့် လူ့ဘဝနေထိုင်မှုပုံစံ၊ ဆီးချို သွေးချိုရောဂါအတွက် ကုန်ကျစရိတ် စသည်တို့ ပါဝင်ခဲ့ကြသည်။ ၂၀၀၁ ခုနှစ်မှ စတင်၍–

> **ဆီးချို သွေးချိုရောဂါအား ကျန်းမာရေးနှင့် ပိုမိုညီညွတ်သော အစာအာဟာရများ စားသုံးခြင်းနှင့် ကိုယ်ကာယ လှုပ်ရှားမှုများ တိုးတက်ပြုလုပ်ခြင်းကဲ့သို့သော ရိုးရှင်းသည့် လူ့ဘဝနေထိုင်မှုဟန်သို့ ပြောင်းလဲနေထိုင်ခြင်းအားဖြင့် ကာကွယ်နိုင်ကြောင်း လေ့လာတွေ့ရှိထားပြီးဖြစ်။**

၂၀၀၁– ဆီးချိုသွေးချိုရောဂါနှင့် နှလုံးသွေးကြောရောဂါများ၊

၂၀၀၂– စက္ခုအမြင်ထိန်းလိုလျှင်၊ ဆီးချိုသွေးချိုရောဂါ ဂရုပြုဆင်ခြင်၊

၂၀၀၃– ဆီးချိုသွေးချိုရောဂါကာကွယ်ပေး၊ မနှေးဆောင်ရွက် ကျောက်ကပ်အတွက်ဟူ၍ ဆောင်ပုဒ်များသတ်မှတ်ပြီး လှုပ်ရှားခဲ့ကြသည်။

ယခု ၂၀၀၄ ခုနှစ်အတွက်မူ ‘အဝမလွန်အောင်ကြိုးစားကာ၊ ဆီးချို သွေးချို ကာကွယ်ပါ’ (Fight Obesity,Prevent Diabetes) ဟု သတ်မှတ်ထားသည်။ ပြည်သူများအား ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာပေးခြင်းနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်ခဲ့ကြသည်။

## ဆီးချိုသွေးချိုရောဂါနှင့်အဝလွန်ခြင်း

အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါဖြစ်စေသော အဓိကအကြောင်းအချက်တစ်ခုဖြစ်သည့် ‘ကိုယ်အလေးချိန် ရှိသင့်သည်ထက် ပိုနေခြင်း (Over weight)နှင့် အဝလွန်ခြင်း(Obesity)’တို့နှင့်စပ်လျဉ်း၍ ၂၀၀၄ခုနှစ် **‘ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့’**တွင် အဓိကဦးစားပေး၍ လှုပ်ရှားမှုများ ပြုလုပ်ကြသည်။ ဆီးချို သွေးချိုရောဂါသည် ကပ်ရောဂါ အသွင်ဖြင့် တိုးတက်များပြားလာခြင်း၏ အရေးကြီးသည့် လူမှုရေး နောက်ဆက်တွဲ အကျိုးဆက်များ ဖြစ်ပေါ်လာမှုကို ရိုးရှင်းပြီး ငွေကုန်ကြေးကျ မများသော လူ့ဘဝ နေထိုင်မှုဟန်များဖြစ်သည့် ကိုယ်ကာယလှုပ်ရှားမှုကို တိုး၍ ပြုလုပ်ခြင်းနှင့် ကျန်းမာရေးနှင့်ပိုမိုညီညွတ်သော စားသောက်မှုဆိုင်ရာ အလေ့အကျင့်များဖြင့် တန်ပြန်တွန်းလှန်နိုင်သည် ဆိုသည့်အချက်ကို ဖော်ပြနိုင်ရန် ယခုနှစ် ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှုက ရည်ရွယ်သည်။

## ကမ္ဘာ့ကပ်ရောဂါအသွင် တိုးပွားလာသည့် ဆီးချိုသွေးချိုရောဂါ

ဆီးချို သွေးချိုရောဂါသည် ကမ္ဘာ့ကျန်းမာရေးကို အန္တရာယ်ပြုခြိမ်းခြောက်လာနေပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ကြီးက ၂၀၀၃ ခုနှစ်တွင် ကမ္ဘာပေါ်၌ ဆီးချို သွေးချို ရောဂါရှင်ပေါင်း ၁၉၄ သန်းခန့် ရှိကြောင်း ခန့်မှန်းထားသည်။ ၂၀၂၅ ခုနှစ်တွင်မူ ၃၃၃ သန်း ခန့်အထိ တိုးတက်လာမည်ဟု ကြိုတင်ခန့်မှန်းထားသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ၏ ၆ ဒသမ ၃ ရာခိုင်နှုန်းမှာ ဆီးချို သွေးချိုရောဂါ ဝေဒနာ ခံစားကြရမည် ဖြစ်သည်။ ဆီးချိုသွေးချိုရောဂါသည် ဖွံ့ဖြိုးပြီး နိုင်ငံအများစုတွင် သေဆုံးရခြင်း အကြောင်းရင်းများအနက် စတုတ္ထအဆင့်တွင် ရှိနေသည်။ ကိုယ်အလေးချိန် ရှိသင့်သည်ထက် ပိုနေခြင်းနှင့် အဝလွန်ကဲခြင်းတို့သည် ကမ္ဘာနှင့်အဝန်း စိုးရိမ်ဖွယ်ကောင်းလောက်အောင် တိုးတက်များပြားလာနေကြပြီး၊ နောင်တွင် တိုးတက်လာမည့် ဆီးချို သွေးချို ရောဂါဖြစ်နှုန်းများအတွက်လည်း တွန်းအားပေး အကြောင်းအချက်တစ်ရပ် ဖြစ်နေသည်။ ဆီးချို သွေးချို ရောဂါရှင်များ၏ ၉၀ရာခိုင်နှုန်းခန့်တွင် အဝလွန်ခြင်းသည် ပြုပြင်ပြောင်းလဲ၍ ရနိုင်သော အကြောင်းအချက်တစ်ရပ် ဖြစ်သည်။ ကိုယ်အလေးချိန် များလွန်းခြင်းသည် ကလေးသူငယ်များတွင် သိသာထင်ရှားစွာ တိုးတက်ဖြစ်ပွားလာနေပြီး၊ ယခင်ကလူကြီးများတွင်သာ အဖြစ်များလေ့ရှိသော အမျိုးအစား(၂)ဆီးချိုသွေးချို

**ဒေါက်တာ တင့်ဆွေလတ်**

ရောဂါကို ယခုအခါ ကလေးသူငယ်များတွင်လည်း ပိုမိုဖြစ်ပေါ်လာစေလျက် ရှိသည်။ ဆီးချို သွေးချိုရောဂါ စတင်ဖြစ်ပွားသည့် အသက်အရွယ် ပို၍ ငယ်လေလေ၊ နှလုံးရောဂါနှင့်မျက်စိအမြင်ကွယ်ခြင်းကဲ့သို့သော အရေးကြီးသည့် နောက်ဆက်တွဲ ဆင့်ပွားရောဂါများ ဖြစ်ပွားရန် အလားအလာ ပို၍များ လေလေဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကျန်းမာရေးအသုံးစရိတ်များ တိုးတက်များပြားလာစေကာ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်လည်း ဝန်ထုပ်ဝန်ပိုး တိုးမြင့်ဖြစ်ပေါ်စေနိုင်သည်။

ယခုအခါ ဆီးချို သွေးချိုရောဂါအား အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ပြီ ဖြစ်သည်။ သုတေသနပြုချက်များအရ **ဆီးချို သွေးချိုရောဂါအား ကျန်းမာရေးနှင့်ပိုမိုညီညွတ်သော အစာအာဟာရများ စားသုံးခြင်းနှင့် ကိုယ်ကာယ လှုပ်ရှားမှုများ တိုးတက်ပြုလုပ်ခြင်းကဲ့သို့သော ရိုးရှင်းသည့် လူ့ဘဝနေထိုင်မှုဟန်သို့ ပြောင်းလဲနေထိုင်ခြင်းအားဖြင့် ကာကွယ်နိုင်ကြောင်း လေ့လာတွေ့ရှိထားပြီးဖြစ်**သည်။ တိုးတက်များပြားလာနေသော အဝလွန်ခြင်းနှင့် ဆီးချို သွေးချိုရောဂါတို့ ကပ်ရောဂါအသွင် တိုးမြင့်ဖြစ်ပေါ်လာနေခြင်းကို နှောင့်နှေးတားဆီးနိုင်ပြီ ဖြစ်သည်။ ယင်းသို့ ကာကွယ်နိုင်ရန်မှာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍအားလုံး နိုင်ငံတကာအဆင့်တွင် ပေါင်းစပ်ဆောင်ရွက်ကြရန် လိုအပ်သည်။

## အဝလွန်ခြင်းဆိုသည်မှာ–

ခန္ဓာကိုယ်တွင်းရှိ အဆီဆဲလ်များ အရွယ်ကြီးလာ၍သော်လည်းကောင်း၊ အရေအတွက် ပွားများလာ၍သော်လည်းကောင်း အဝလွန်ခြင်း ဖြစ်ပေါ်လာသည်။ ခန္ဓာကိုယ်အလေးချိန် တက်လာသည်နှင့် ၎င်းအဆီဆဲလ်များ ဦးစွာ အရွယ်အစားကြီးထွားလာပြီး နောက်ပိုင်းတွင် အရေအတွက်ပါ များလာကြသည်။ ‘ကိုယ်အလေးချိန် ရှိသင့်သည်ထက် များနေခြင်းနှင့် အဝလွန်ကဲခြင်း’တို့သည် ဆီးချို သွေးချိုရောဂါကို ဖြစ်ပေါ်စေနိုင်သည်သာမက သွေးပေါင်ချိန်တက်စေခြင်း၊ သွေးတွင်း အဆီဓာတ်များစေခြင်း၊ သားသမီး မရနိုင်ခြင်း၊ မွေးဖွားစဉ် နောက်ဆက်တွဲ ဆင့်ပွားဝေဒနာများ ဖြစ်ပေါ်စေနိုင်ခြင်းနှင့် အဆစ်အမြစ် ရောင်ရမ်းနာ ရောဂါများကို ဖြစ်ပေါ်စေနိုင်သည်။ အဝလွန်ခြင်းကို လူ့ဘဝနေထိုင်မှုပုံစံ ပြောင်းလဲခြင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာဖြင့် ကောင်းစွာ ကာကွယ်နိုင်သည်။

အဝလွန်ခြင်းအား ခန္ဓာကိုယ်သိပ်သည်းဆအညွှန်း (Body Mass Index or BMI)ဖြင့် တိုင်းထွာလေ့ရှိသည်။ ခန္ဓာကိုယ်သိပ်သည်းဆအညွှန်း (BMI)ကို လူတစ်ဦး၏အရပ်အမြင့်နှင့် အလေးချိန်တို့အပေါ် မူတည်၍ တွက်ချက်သည်။ ကီလိုဂရမ်ဖြင့် တိုင်းထားသော ကိုယ်အလေးချိန်အား၊ မီတာဖြင့် တိုင်းထားသော အရပ်အမြင့်ကို နှစ်ထပ်ကိန်းတင်၍ စားခြင်းအားဖြင့် ခန္ဓာကိုယ် သိပ်သည်းဆကို သိနိုင်သည်။

$$\textbf{ခန္ဓာကိုယ် သိပ်သည်းဆအညွှန်း(BMI)} = \frac{\textbf{ကိုယ်အလေးချိန်(ကီလိုဂရမ်)}}{\textbf{အရပ်အမြင့်(မီတာ)}^2}$$

ခန္ဓာကိုယ်သိပ်သည်းဆ အညွှန်း ၂၅မှ ၂၉ ဒသမ ၉အထိ ရှိသူများကို ရှိ သင့်သည့် ကိုယ်အလေးချိန်ထက်များခြင်း (Overweight )ရှိသည်ဟု သတ် မှတ်ပြီး ခန္ဓာကိုယ်သိပ်သည်းဆ အညွှန်း ၃၀နှင့် အထက်ရှိသူများကို အဝလွန် ကဲခြင်း (Obesity)ရှိသည်ဟု သတ်မှတ်သည်။ ခါးပတ်လည် အတိုင်းအထွာ ကိုလည်း အဝလွန်ခြင်းအား တိုင်းထွာသည့် ရိုးရှင်းသည့် နည်းအဖြစ် ပိုမို အသုံးပြုလာကြသည်။ ခါးပတ်လည်အတိုင်းအထွာနှင့် ခန္ဓာကိုယ်သိပ်သည်းဆ တို့ကို နှစ်မျိုးစလုံး တိုင်းတာခြင်းဖြင့် အဝလွန်ကဲခြင်းနှင့် ၎င်းနှင့်ဆက်နွှယ် နေသော ကျန်းမာရေးအန္တရာယ်များအား အကောင်းဆုံး ခန့်မှန်းချက်ထုတ် နိုင်သည်။

## အဝလွန်ခြင်းကို ပိုမိုဖြစ်ပေါ်စေနိုင်သော အကြောင်းရင်းများ

အဝလွန်ခြင်းသည် လူတိုင်းတွင် ဖြစ်ပေါ်နိုင်သည်။ သို့ရာတွင် အချို့သောသူများမှာ ပိုမို၍ အဝလွန်နိုင်ချေရှိနိုင်သည်။ ထိုကဲ့သို့ ပိုမို၍ အဝလွန်နိုင်ချေ များစေသော အကြောင်းအချက်များမှာ–

- **အဆီများပြီး စွမ်းအင်ဓာတ်လည်းများစွာပါဝင်သော အစားအစာများ၊**
- **ကိုယ်ကာယလှုပ်ရှားမှု နည်းပါးသည့် လူ့ဘဝနေထိုင်မှုဟန်၊**
- **အဝလွန်ကဲသော မိသားစုဝင်ဖြစ်ခြင်း၊**
- **အဝလွန်ကဲသော လူမျိုးစုဝင်ဖြစ်ခြင်း၊**
- **အသက်အရွယ်**

စသည်တို့ ဖြစ်ကြသည်။

## အဝလွန်ကဲခြင်း ပိုမိုဖြစ်ပေါ်စေသည့် အကြောင်းအချက်များကို လျော့နည်းစေရေး

ပြုပြင်ပြောင်းလဲ၍ ရနိုင်သော အဝလွန်စေမည့် အောက်ပါအကြောင်း အချက်များအား သတိပြုဆင်ခြင်ခြင်းအားဖြင့် အဝလွန်ကဲခြင်းကို လျော့နည်း စေနိုင်သည်–

- **ကိုယ်ဝန်ဆောင်စဉ်ကာလတွင်း မိခင်အား အာဟာရပြည့်မီအောင် စားသုံးစေခြင်း၊**
- **နို့ဖြတ်ပြီးသော ကလေးများအား အရသာမျိုးစုံကို သိအောင်ကျွေးမွေး ပေးခြင်း၊**
- **ငယ်ရွယ်စဉ်ကပင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးတတ်၊ ခံမင်တတ်စေရန် လေ့ကျင့်ပေးခြင်း၊**
- **ငယ်ရွယ်စဉ် ကလေးဘဝတွင် ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်ရန် အားပေးခြင်း၊**
- **စွမ်းအင်သိပ်သည်းမှုနည်းသော အစားအစာများကို ဆက်လက်စား သုံးခြင်း၊**
- **နေထိုင်မှုဘဝဟန် ပြောင်းလဲခြင်း**

ဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချို ရောဂါဖြစ်ပွားမှုကို ၆၀ရာခိုင်နှုန်းအထိ လျော့နည်းစေနိုင်ကြောင်း တွေ့ရှိထားသည်။ ထိုပြောင်းလဲမှုများမှာ–

- **ကိုယ်လက်လှုပ်ရှားမှု ပိုမိုပြုလုပ်ခြင်း၊**
- **ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသုံးခြင်းနှင့်**
- **ကိုယ်အလေးချိန် လျော့နည်းစေခြင်း**

တို့ဖြစ်ကြသည်။

အရွယ်ရောက်သူများတွင် ကိုယ်အလေးချိန်တိုးလာခြင်းအား ကာကွယ်နိုင်မည်ဆိုပါက ဆီးချို သွေးချိုရောဂါရှင် တစ်ဝက်ခန့် လျော့နည်းသွားနိုင်သည်ဟု ခန့်မှန်းထားသည်။

## ဆီးချို သွေးချိုရောဂါနှင့် အဝလွန်ခြင်းအတွက် ကုသခြင်း

ကိုယ်ခန္ဓာအလေးချိန် ထိန်းသိမ်းခြင်းနှင့် ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်ခြင်းတို့သည် အမျိုးအစား (၂) ဆီးချို သွေးချို ရောဂါအား ကုသရေးအတွက် အခြေခံကျသော ကုသမှုများ ဖြစ်ကြသည်။ သမားတော်များနှင့် အာဟာရ ပညာရှင်များ၊ သို့မဟုတ် သူနာပြုများပါဝင်သော တတ်ကျွမ်းနားလည်သော ကုသရေးအဖွဲ့၏ ကုသညွှန်ကြားမှုကိုခံယူပါက အမျိုးအစား(၂) ဆီးချို သွေးချို ရောဂါရှင် အများစုသည် ကိုယ်အလေးချိန် ၅ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်။ နေ့စဉ် ကိုယ်ကာယလှုပ်ရှားမှုကို တိုးတက်ပြုလုပ်ခြင်းသည် လျော့နည်းသွားသော ကိုယ်အလေးချိန်ကို ထိန်းသိမ်းထားရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။

## အစာအာဟာရ

ဆီးချို သွေးချိုရောဂါ ကုသရာတွင် အစားအာဟာရသည် အခြေခံကျသော ကဏ္ဍမှ ပါဝင်သည်။ သို့ရာတွင် ဆီးချို သွေးချို ထိန်းသိမ်းမှုတွင် မျှတကောင်းမွန်သော အစာအာဟာရ စားသုံးရအောင် များစွာအားထုတ်ရသည်။ ကိုယ်အလေးချိန်လျှော့ချရန်နှင့် လိုအပ်သော ကိုယ်အလေးချိန်ထိန်းသိမ်းထားရန် စားသုံးသင့်သော အစားအစာအမျိုးအစားများမှာ–

- **စွမ်းအင်ထုတ်လုပ်မှုနည်းသော အစားအသောက်များ၊**
- **အဆီဓာတ်ပါဝင်မှုနည်းသော အစားအစာများ၊**
- **ကစီဓာတ်နည်းသော အစားအစာများ**

ဖြစ်ကြသည်။

## ကိုယ်ကာယလှုပ်ရှားမှုပြုလုပ်ခြင်း

ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်ခြင်းသည် အစဦးပိုင်းတွင် ကိုယ်အလေးချိန် လျော့ကျစေခြင်းအတွက် မသိသာစေသော်လည်း ကိုယ်အလေးချိန် ထိန်းသိမ်းထားမှုအတွက်မူ အရေးကြီးလှသော အခန်းကဏ္ဍမှပါဝင်သည်။ တစ်နေ့လျှင် မိနစ် ၃၀ ခန့် သင့်တော်ရုံ ကိုယ်ကာယလှုပ်ရှားခြင်း (ဥပမာ–လမ်းလျှောက်ခြင်း) လုပ်ရုံမျှဖြင့် ကျန်းမာရေး ကောင်းမွန်စေမှုအတွက် လုံလောက်သည်။

## ဆေးဝါးများ

လူ့ဘဝနေထိုင်မှုဟန် ပြောင်းလဲခြင်းဖြင့်လိုအပ်သော ကိုယ်အလေးချိန် ထိန်းသိမ်းမှု မရနိုင်သူများနှင့် ကိုယ်ကာယ မသန်စွမ်းသူများတွင် ကိုယ်အလေး ချိန်လျော့စေသော ဆေးဝါးများသည် ကဏ္ဍတစ်ခုမှ ပါဝင်လာသည်။

ဆီးချို သွေးချို ရောဂါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရှိသင့်သည့်အလေး ချိန်ထက် ပိုနေသူများနှင့် အဝလွန်ကဲသူများအတွက် ကိုယ်အလေးချိန်လျော့နည်း စေသော ဆေးဝါးများကို အောက်ပါအတိုင်း အမျိုးအစားသုံးမျိုး ခွဲခြားထား သည်။

- **အာဟာရဇီဝဖြစ်စဉ်များကို ပြောင်းလဲပေးသော ဆေးဝါးများ၊**
- **အစာလျှော့စားစေသော ဆေးဝါးများ၊**
- **စွမ်းအင်ဓာတ်သုံးစွဲမှုကို တိုးတက်စေသော ဆေးဝါးများ။**

## အခြားကုထုံးများ

အစာအိမ်ကို ခွဲစိတ်ကုသခြင်းသည်လည်း ကိုယ်အလေးချိန် လျော့နည်းမှုကို ကြာရှည်စွာ ထိန်းပေးထားနိုင်ရန် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းခွဲစိတ်မှုသည် အခြားကိုယ်အလေးချိန်လျော့ကျစေသော နည်းလမ်းများဖြင့် ကိုယ်အလေးချိန် မထိန်းနိုင်သည့် အလွန်အမင်းအဝလွန်ကဲသူများတွင် သုံးစွဲနိုင်သော ကုသမှုနည်းလမ်းတစ်ခု ဖြစ်သည်။ သို့ရာတွင် ၎င်းခွဲစိတ်မှုများသည် အန္တရာယ်ကို ဖြစ်စေနိုင်သည့်အတွက် အလွန်ဆိုးရွားသော လူနာများတွင်သာ သုံးသင့်သည်။

## ရှေ့လုပ်ငန်းစဉ်များ

ဒွန်တွဲဖြစ်ပေါ်နေသော ဆီးချိုသွေးချိုရောဂါနှင့်အဝလွန်ကဲခြင်း ကပ်ရောဂါ ၂ခုတို့သည် ၂၁ ရာစုနှစ်တွင် ပြည်သူလူထု ကျန်းမာရေးအား အကြီးမား ဆုံးသော စိန်ခေါ်မှု ဖြစ်နေသည်။ လူတစ်ဦးချင်းအပေါ်တွင်သာ စူးစိုက်သည့် ကုသရေးနှင့် ကာကွယ်ရေးနည်းဗျူဟာများအပေါ် အားထားနေ၍ မဖြစ်နိုင်တော့ပါ။

**စာမျက်နှာ ၁၁ ကော်လံ ၁သို့**

# ပြည်သူများစိတ်ဝင်စားမည့် ရှားပါးမျိုးစိတ်များရှာဖွေပြသ အပန်းဖြေရင်း ဗဟုသုတတိုးပွားစေမည့် အစီအစဉ်များထည့်သွင်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၂**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး Education Zone ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သဘာဝရေချို ငါးဥယျာဉ်တည်ဆောက်ရေး (Fresh Water Fish Garden) လုပ်ငန်းသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပြီး စမ်းချောင်းငယ်များအတွင်း အလှပြငါးများ မွေးမြူထားမှု၊ မှန်လှောင်အိမ်များဖြင့် အလှပြငါးများပြသထားမှု၊ ရေတံခွန်များဖြင့် သဘာဝဥယျာဉ်များ ဖန်တီးထားမှုနှင့် လိပ်မွေးမြူရေးပြကွင်း၊ ပြကွက်များ၊ သဘာဝဥမင်လိုဏ်ဖြင့် ကုန်းနေရေနေသတ္တဝါများ၏ အသံများခံစားစေမည့်ပြကွက် တည်ဆောက်နေမှု အပါအဝင် ပြကွင်း ပြကွက် ၂၃ခုတို့၏ ၉၇ရာခိုင်နှုန်းခန့် ပြီးစီးနေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် သဘာဝရေချိုငါးဥယျာဉ် တည်ဆောက်ရေးစခန်း ရှင်းလင်းဆောင်၌ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အလှပြငါးပညာရှင်များ၊ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို တင်ပြကြရာ ဝန်ကြီးက မြန်မာအလှပြငါးများမှ ပြည်သူများစိတ်ဝင်စားမှုရှိမည့် ရှားပါးမျိုးစိတ်များ ရှာဖွေဖော်ထုတ်ပြသရေး၊ အပန်းဖြေရင်း ဗဟုသုတတိုးပွားစေမည့် အစီအစဉ်များထည့်သွင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုဘုံကထိန်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ (၁၉)ကြိမ်မြောက် မိသားစုဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၂ရက် နံနက် ၉နာရီခွဲတွင် မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ တေဇိန္ဒာရာမကျောင်းတိုက်၊ အာသောကသီတဂူကျောင်းတိုက်၊ စင်ကာပူကျောင်းတိုက်၊ မဟာသိမ်တော်ကြီးကျောင်းတိုက်တို့မှ ပင့်သံဃာတော် ၁၀ပါး ကြွရောက်တော်မူကြပြီး မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့်ဇနီးဒေါ်သောင်းရီ၊ မြန်မာ့အာမခံလုပ်ငန်းမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

**နေ့ဆွမ်းဆက်ကပ်**

ထို့နောက် စွန်းလွန်းဂူကျောင်းတိုက်မှ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ဦးသုန္ဒရထံမှ ကထိန်အနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းကပ်လှူကြသည်။ **(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ဖခင်ဦးပိန်၊ မိခင်ဒေါ်ခင်တင်တို့အားရည်စူး၍ သမီး ဒေါ်သောင်းရီ၊ ဒေါ်မြခင်မော်နှင့် တူတူမများ အမှတ် ၇၊ ၁၂၀လမ်း ရေတွင်းကုန်းရပ်မင်္ဂလာတောင်ညွန့်မြို့နယ်မှ အလှူငွေကျပ် တစ်သိန်းနှစ်သောင်းကို အဖွဲ့ဝင် ဦးမျိုးခင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

လူဦးရေတစ်ခုလုံးအား ရည်ရွယ်သော လုပ်ဆောင်ချက်နည်းဗျူဟာများလည်း လိုအပ်နေပြီ ဖြစ်သည်။

အဝလွန်ကဲခြင်းနှင့် ဆီးချိုသွေးချိုရောဂါ အကျပ်အတည်းအား ကိုယ်ကာယလှုပ်ရှားမှု နည်းပါးခြင်းနှင့် အစားအစာစားသုံးမှုများတွင် အဓိကပြောင်းလဲခဲ့မှုများက ဖြစ်ပေါ်စေခဲ့သည့်အတွက် ၎င်းတို့အား ဦးတည်ဖြေရှင်းမည့် ကြောင်းကျိုးဆီလျော်သော နည်းလမ်းများလိုအပ်နေပြီဖြစ်သည်။ မျှတသော အစာအာဟာရ၏ တန်ဖိုးနှင့် သင့်တော်ရုံလေ့ကျင့်ခန်း နေ့စဉ်ပြုလုပ်မှု၏အရေးပါမှုတို့ကို ဆယ်စုနှစ်များစွာ နိုင်ငံနှင့်ဒေသအလိုက် အလေးပေးသည့် အားထုတ်မှုများ ပြုလုပ်ခဲ့လင့်ကစား အဝလွန်ကဲခြင်းနှင့် ဆီးချိုသွေးချိုရောဂါတို့သည် ကပ်ရောဂါအသွင် ဖြစ်ပေါ်လာခဲ့ကြသည်။

ထို့ကြောင့် ကျန်းမာရေးအသိပညာပေးခြင်းအား အခြားဆောင်ရွက်ချက်များကိုလည်း အထောက်အကူပြုရန် ပံ့ဖော်လုပ်ဆောင်သင့်သည်။

၎င်းတို့မှာ–

- **ကလေးငယ်များအား ကိုယ်ကာယလှုပ်ရှားမှုမျိုးစုံ လုပ်နိုင်ရန်ပြုလုပ်ပေးခြင်း၊**
- **လူတိုင်းအတွက် ကျန်းမာရေးနှင့်ညီညွတ်သော လူ့ဘဝနေထိုင်မှုဟန် အလေ့အကျင့်များကို ပြုလုပ်နိုင်ရန် အားပေးသော သင့်တော်သည့် မြို့ပြပတ်ဝန်းကျင်များ ဖန်တီးပေးရေး၊**
- **ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုအလေ့အကျင့်များအား သင်ကြားပေးခြင်းနှင့် အာဟာရပြည့်ဝသော အစားအစာများကို ကျောင်းများတွင် ဖြန့်ဖြူးပေးခြင်း၊**
- **ကလေးဘဝမှ စတင်၍ ကိုယ်အလေးချိန်ကို ကြီးကြပ်စောင့်ကြည့်ခြင်း၊**
- **အစားအစာများတွင် ပါဝင်သည့် အာဟာရနှုန်းထားများ ဖော်ပြထားပေးခြင်း၊**
- **အစားအစာများ၏ အရွယ်အစားပမာဏကို ပိုမိုလျော့နည်းစေခြင်း၊**
- **ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို စျေးသက်သာအောင် ဆောင်ရွက်ပေးခြင်း၊**
- **အစိုးရများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက ကဏ္ဍများအားလုံး ပါဝင်လာနိုင်စေရန် ထိရောက်မှုရှိသော မူဝါဒသစ်များ၊ ခိုင်မာသော အမျိုးသားရေးစနစ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် အရေးကြီးနေပြီ ဖြစ်သည်။**

အဝလွန်ကဲခြင်းကပ်ရောဂါနှင့် ၎င်းနောက်လိုက်လာခြေရှိသော ဆီးချိုသွေးချိုဖြစ်ပွားမှု တိုးတက်များပြားလာမှုတို့ကို သိရှိနိုင်ရန် လူထုအတွင်း နှစ်စဉ် ဆီးချို သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းထားအား စောင့်ကြည့်သည့်စနစ် ထူထောင်သင့်သည်။

အစားအသောက်များပြောင်းလဲရေး၊ စက်တပ်ယာဉ်များဖြင့် ခရီးသွားလာမှု အပေါ် မှီခိုမှုနည်းပါးလာစေရန် အားပေးခြင်းနှင့် နေ့စဉ်နေထိုင်မှုဘဝတွင် ကိုယ်ကာယလှုပ်ရှားမှုများ ပြန်လည်ပြုလုပ်ကြရန် ကမ္ဘာနှင့်အဝန်း ကြိုးပမ်း၍ တိုးတက်အကောင်အထည်ဖော်ကြရန် လိုအပ်နေပြီဖြစ်သည်။

ယခုမှပင် စတင်ဆောင်ရွက်ကြပါစို့။

အဝမလွန်အောင်ကြိုးစားကြခြင်းဖြင့် **'ဆီးချို သွေးချိုရောဂါကို ကာကွယ်ကြပါစို့'** ဟု နှိုးဆော်ရင်း ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ထိန်းသိမ်းကာကွယ်ရေးနေ့ကို ကြိုဆိုလိုက်ပါသည်။ ။

# ဖျာပုံအသင်း(ရန်ကုန်) ကထိန်ခင်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ဖျာပုံအသင်း(ရန်ကုန်)၏ (၁၀) ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ရက်)သောကြာနေ့တွင် ဖျာပုံမြို့(၈)ရပ်ကွက် ဇမ္ဗူထိန်လင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး ၁၁၀တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူမည်ဖြစ်သည်။

ထို့ပြင် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများအားအသင်းမှ ပထမဆုံးအကြိမ် ဂုဏ်ပြုဆုချီးမြှင့်ပွဲကိုအဆိုပါနေ့ နံနက် ၇ နာရီတွင် အထက(၃)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ပေးပို့လိုသူများနှင့် ဖျာပုံမြို့သို့ လိုက်ပါလိုသူများသည် ဗိုလ်မှူးကြီး စိန်သန်း(ငြိမ်း) ဖုန်း–၂၁၂၃၄၈၊ ဦးသန်းလှိုင် ဖုန်း–၃၇၉၂၃၁၊ ဦးခင်ဦး ဖုန်း–၅၁၄၈၇၉၊ ဦးကျော်ဆန်းနိုင် ဖုန်း–၅၈၄၈၈၁နှင့် ဖျာပုံမြို့နယ်အသင်းရုံး ဖုန်း–၂၉၁၀၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**

# ကျိုက်ပိကျောင်းမဟာဘုံကထိန်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကင်းမြို့နယ် မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း) မဟာဝိဇယကာရီဗိမာန်တော်တွင် (၅၅) ကြိမ်မြောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း၁၀ရက်(နိုဝင်ဘာ၂၁ရက်)တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် (ကျိုက်ပိကျောင်း) ပဓာနနာယက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့(ဒုတိယဥက္ကဋ္ဌ) အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တဂုဏောသနအမှူးပြုသည့် သံဃာတော် ၁၀၈ပါးတို့အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည်ဟု သိရသည်။ **(က–ပ)**

# အင်အားပြင်းငလျင်လှုပ်

ရန်ကုန် နိုဝင်ဘာ ၁၂

**၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ဝ၄ နာရီ ဝ၃ မိနစ် ၅၈စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏အရှေ့တောင်ဘက် မိုင် ၂၅၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။**

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၄ ခုနှစ်၊နိုဝင်ဘာလအတွက်**

**(၁၄–၁၁–၂၀၀၄)ရက်နေ့**

**နှင့်**

**(၂၈–၁၁–၂၀၀၄)ရက်နေ့**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃–၁၁–၂၀၀၄(စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | အကပဒေသာ |
| ၈း၁၀ | ၆။ | အရေးပြိုင်ပွဲ |
| ၈း၂၀ | ၇။ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)နမ့်မွေတံတား |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Grammar Made Easy |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၅၀ | ၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း–၄၃) |
| ၁၃း၃၀ | ၇။ | မအီချောင်းတံတား |
| ၁၃း၄၅ | ၈။ | **"အိမ်သာအလှူ"** (အောင်ပြည့်၊ ရူပ၊ သက်နောင်) (ဒါရိုက်တာ–အာယု) |
| ၁၄း၁၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၄း၃၀ | ၁၀။ | ဂမုန်းချောင်းရေလှောင်တမံ |
| ၁၄း၄၅ | ၁၁။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use. |
| ၁၆း၄၅ | ၄။ | တေးဂီတအစီစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ) |
| ၁၇း၁၅ | ၆။ | အကပြိုင်ပွဲ |
| ၁၇း၂၅ | ၇။ | တေးဂီတအစီအစဉ် |
| ၁၇း၃၅ | ၈။ | နားဝင်ပီယံသူ့လက်သံ |
| ၁၇း၄၅ | ၉။ | မြန်မာစာ မြန်မာစကား |
| ၁၇း၅၅ | ၁၀။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၈း၁၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | Discovery |
| ၁၉း၁၀ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း–၃၁) |
| ၁၉း၄၅ | ၁၆။ | တတိယအကြိမ်ဝက်သက် ကာကွယ်ဆေးထိုး အစီအစဉ် |
| | ၁၇။ | တစ်နေ့တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း) |
| ၂၀း၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း–၁၆) |

# ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အဓိကကျသည့် တိုင်းတစ်တိုင်းဖြစ် လယ်ယာကဏ္ဍလုပ်ငန်းများ အောင်မြင်မှုရရန် အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၂

**လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲ က ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်း အတွင်းရှိ ခရိုင် ငါးခရိုင်၊ မြို့နယ် ၂၆ မြို့နယ်မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဧရာဝတီတိုင်း စိုက်ပျိုးရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။**

### အမှာစကား ပြောကြား

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သီးနှံအလိုက် ရည်မှန်းထားရှိသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မိုးစပါး၊ နွေစပါးသတ်မှတ် စိုက်ဧကများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လယ်ယာမြေ စည်းကမ်း ဥပဒေများ တိတိကျကျလိုက်နာဆောင်ရွက်ရေး၊ လယ်ယာမြေကျူးကျော်မှုများ မရှိရေး၊ လယ်ယာစာရင်းဇယား၊ ကိန်းဂဏန်းများ တိကျမှန်ကန်ရေးတို့ကို ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ထို့ပြင် မြို့ဝင်မြို့ထွက် သီးနှံစံပြစိုက်ကွက်များသည် တောင်သူလယ်သမားများအတွက် နည်းပညာရယူနိုင်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး အထောက်အကူပြုသည့် စံပြကွက်များဖြစ်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ မျိုးတူညီမှုရှိသည့် သီးနှံစိုက်ဧက များကို ဒေသအလိုက်၊ တစ်ခွင်တစ်ပြင်၊ တစ်ဆက်တစ်စပ် စိုက်ပျိုးကြရန်လိုကြောင်း၊ မြေအမျိုးအစားအလိုက် ကွင်းမြေပုံများ၊ သီးနှံအုပ်စုအလိုက် စိုက်ဧရိယာပြ မြေပုံများ ပြုစုထားရှိရန်အပြင် သီးနှံအလိုက် အခြေခံအချက်အလက်များ သိရှိအောင် မှတ်တမ်းထားရှိကြရန်လိုကြောင်း၊ မြေကြီးမြေပုံမှန်ကန်ရေး အတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အဓိကကျသည့် တိုင်းတစ်တိုင်းဖြစ်သဖြင့် လယ်ယာကဏ္ဍလုပ်ငန်းများ သိသိသာသာအောင်မြင်မှုရရှိအောင် ဆက်စပ်ဌာနများအားလုံးက ပြည်သူတို့နှင့်အတူ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဧရာဝတီတိုင်း ပုသိမ်မြို့နယ် သရောင်းချောင်း မျိုးသန့်ခြံတွင် စပါးမျိုးသန့်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (လယ်ယာ/ဆည်မြောင်း)

### ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က မြေယာအသုံးချမှု၊ မြေယာခွဲဝေမှု၊ မြေယာပိုင်ဆိုင်မှုလုပ်ငန်းများ ထိန်းသိမ်းဆောင်ရွက်ရာတွင် သိရှိလိုက်နာသင့်သောအချက်များကို ရှင်းလင်းတင်ပြကြသည်။

### မျိုးသန့်ခြံသို့ရောက်ရှိ

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်အဖွဲ့သည် ပုသိမ်မြို့မှ နှစ်မိုင်ခွဲအကွာရှိ သရောင်းချောင်း မျိုးသန့်ခြံသို့ရောက်ရှိရာ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ဧရာဝတီတိုင်းမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာ ဦးလှမျိုးက မျိုးကောင်း မျိုးသန့်မျိုးစေ့ပွားများ ထုတ်လုပ်ရာတွင် အခြေခံမျိုးသန့်နှင့်မျိုးသန့်အဆင့်များ ထုတ်လုပ်မှု၊ မျိုးသန့်ခြံ၏ မျိုးသန့်ပွားမှုလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက သရောင်းချောင်းမျိုးသန့်ခြံအနေဖြင့် ဧရာဝတီတိုင်းအတွင်းရှိ တောင်သူလယ်သမားများ၏ မျိုးစေ့လိုအပ်ချက် ဖြည့်ဆည်းရေးလုပ်ငန်းများနှင့် မြေအရည်အသွေး တိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားပြီး ဝန်ကြီးသည် သုတေသနနှင့် မျိုးစေ့ဌာနခွဲတို့မှ စပါးမျိုးသန့်ပွားများသည့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ခေတ်မီဆက်သွယ်ရေးနည်းပညာဖြင့် အသုံးပြုခြင်းသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၂**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော ရုံးလုပ်ငန်းများအား ခေတ်မီဆက်သွယ်ရေး နည်းပညာဖြင့် အသုံးပြုခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းရုံးချုပ် အစည်းအဝေး ခန်းမဆောင်၌ကျင်းပရာ အခမ်းအနားသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ မွေးမြူရေးတိရစ္ဆာန်အစာစက်ရုံ၊ မွေးမြူရေးစခန်းများနှင့် ရုံးချုပ်၊စီမံရေးနှင့် ဘဏ္ဍာရေးဌာနများမှ သင်တန်းသူ ၂၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှတ်(၂)စက်မှုဝန်ကြီး ဗိုလ်ချုပ်စောလွင် မီးသီး၊ မီးချောင်းထုတ်လုပ်ရေး အလုပ်ရုံစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၂

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လျှပ်စစ်နှင့်အီလက်ထရွန်နစ် ပစ္စည်းစက်ရုံ၏ မီးသီး၊ မီးချောင်းထုတ်လုပ်ရေး အလုပ်ရုံသို့ သွားရောက်ပြီး မီးချောင်းထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ ဈေးကွက်သို့တင်ပို့ရန် ထုပ်ပိုးထားရှိခြင်းတို့ကို ကြည့်ရှုစစ်ဆေးရာ (အောက်ဝဲပုံ) စက်ရုံအထွေထွေမန်နေဂျာ ဒေါ်လွဲ့လွဲ့ဝင်းက ရှင်းလင်းတင်ပြသည်။**



### မှာကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောလွင်က စက်စွမ်းအားပြည့် ထုတ်လုပ်ရေး၊ စက်ကြံ့ခိုင်မှုကို ပုံမှန်ပြုလုပ်ရေး၊ အရောင်းသွက်စေရန် စီစဉ်ဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ ခြိုးခြံသုံးစွဲရေးတို့ကို မှာကြားကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ သီချင်းဆိုပြိုင်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ၏ သီချင်းဆိုပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(ဘီ)၌ကျင်းပသည်။

ပြိုင်ပွဲတွင် "မြန်မာပြည်သား" သီချင်းကို သီဆိုယှဉ်ပြိုင်ကြရာ ပထမဆုကို အမက(၂) ကမာရွတ်၊ ဒုတိယဆုကို အမက(၄၈) မြောက်ဥက္ကလာပ၊ တတိယဆုကို အလက(၃)စမ်းချောင်း၊ နှစ်သိမ့်ဆုကို အမက(၄) ကမာရွတ် တို့မှ ကျောင်းသားကျောင်းသူများက ရရှိကြသည်။ ဆုရရှိသူများအား မြန်မာ့အသံ နှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

### အမှာစကားပြောကြား

**နိုဝင်ဘာ ၈ရက်က အမက(၁) ဗဟန်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေ အဖွင့်အမှာစကား ပြောကြားစဉ်။** (က-ပ)







## ပြည်မြို့အထက ( ၂ ) နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်း ပြည်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(၁၉၅၄-၂၀၀၄)ခုနှစ် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို အထက(၂) နဝဒေးခန်းမတွင် နိုဝင်ဘာ ၇ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် ကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး ဦးစမ်းလွင်က ဆောင်ရွက်ပြီး ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ**(အပေါ်ပုံ)**တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းပညာရေးမှူးရုံး လက်ထောက်တိုင်း(စီမံ) ဦးမြင့်ဆွေတို့က အမှာစကားပြောကြားသည်။

ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သော်ဒိုင်က ဗဟိုကော်မတီအစီရင်ခံစာဖတ်ကြားတင်သွင်းပြီး အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးကြင်အုန်းက အမှာစကားပြောကြားသည်။ ရွှေရတုအထိမ်းအမှတ်အဖြစ် ကျောင်းအတွက်လိုအပ်သော သင်ထောက်ကူပစ္စည်းနှင့် အလှူငွေများပေးအပ်ကြသည်။ ရွှေရတုအခမ်းအနားအပြီးတွင် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များ၊ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာ ဆရာမများ၊ ပဒေသာကပွဲ တင်ဆက်သော ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **(က-ပ)**

**အမှတ် ၂၇၆ နေကြာလမ်း ပုလဲမြို့သစ် မင်္ဂလာဒုံမြို့နယ်နေ ဦးစောဦး-ဒေါ်စမ်းစမ်းဝင်း သားသမီးမြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။**

(က-ပ)



## သီတဂူဆရာတော်တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၇)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲ၊ စာအောင်ဆုနှင်းသဘင် အထိမ်းအမှတ် ဓမ္မပူဇာတရားပွဲအဖြစ် အသင်းကြီး၏ သြဝါဒါစရိယ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဒေါက်တာဘဒ္ဒန္တညာဏိဿရ (D.Litt) မထေရ်မြတ်က ၁၃၆၆ခု တန်ဆောင်မုန်းလပြည့်ကျော်၁ရက် (နိုဝင်ဘာ၂၇) စနေနေ့ည၇နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ်၄၉-၅၁ရှိ အဘိဓမ္မ ရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ တရားဟောကြားမည်ဟုသိရသည်။ **(က-ပ)**

# ကမ္ဘာတစ်လွှားအားကစား

## ဒဗလျူတီအေတင်းနစ်ချန်ပီယံပြိုင်ပွဲ ရုရှားသူရှာရာပိုဗာနိုင်ပွဲများဆက်

**လော့အိန်ဂျလိစ် နိုဝင်ဘာ ၁၂**

ဒဗလျူတီအေတင်းနစ် ချန်ပီယံပြိုင်ပွဲများကို လော့အိန်ဂျလိစ်မြို့၌ နိုဝင်ဘာ ၁၁ရက်က ကျင်းပခဲ့ရာ ကမ္ဘာ့ကျော်တင်းနစ်မယ်များ ပါဝင်ယှဉ် ပြိုင်ခဲ့ကြသည်။

ဒေါ်လာသုံးသန်းတန် အဆိုပါ ဒဗလျူတီအေတင်းနစ်ချန်ပီယံပြိုင်ပွဲ၌ အမေရိကန်မှဆီရီနာဝီလီယံက ရုရှားမှ ပြင်သစ်အိုးပင်းချန်ပီယံ မိုင်ရင်းနားကို ၄-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရခဲ့သည်။

ရုရှားမှ ဒီမင်တီဗာက ပြင်သစ်မှ မောရက်စမိုအား ၆-၀၊ ၆-၁ဖြင့် အနိုင်ရရှိခဲ့သည်။ ရုရှားမှ ယူအက်စ်အိုးပင်းချန်ပီယံ ကွက်ဇနက်ဆိုဗာက တစ်နိုင်ငံတည်းသူ ဗီယာဇဗိုနာရီဗာအား သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။

ဂရင်းစလင်းချန်ပီယံ ခြောက်ကြိမ်ဖြစ်ခဲ့သူ ဆီရီနာဝီလီယံသည် ယခုနှစ်တွင် အဆိုပါပြိုင်ပွဲကြီး၌ အဓိကပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်ခဲ့သည်။

ရုရှားမှ မာရီယာရှာရာပိုဗာသည် တစ်နိုင်ငံတည်းသူ ဗီယာဇဗိုနာရီဗာအား ၆-၁၊ ၆-၄ဖြင့် နိုင်ခဲ့သည်။ ရှာရာပိုဗာသည် ထိုနေ့က တစ်နိုင်ငံတည်းသူ ကွက်ဇနက်ဆိုဗာအားလည်း ၆-၁၊ ၆-၄ ဖြင့် နိုင်ခဲ့ပြန်သည်။

ဆီရီနာဝီလီယံသည် ရုရှားမှ ဒီမင်တီဗာနှင့် အကြိုဗိုလ်လုမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို တနင်္ဂနွေနေ့တွင် ကျင်းပပြီး ဗိုလ်လုပွဲစဉ်ကို တနင်္လာနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



### အောင်ပွဲခံ

**ဒဗလျူတီအေတင်းနစ် ချန်ပီယံပြိုင်ပွဲတွင် ရုရှားမှ ရှာရာပိုဗာက တစ်နိုင်ငံတည်းသူ ကွက်ဇနက်ဆိုဗာအား အနိုင်ရပြီး အောင်ပွဲခံနေစဉ်။**
(ဓာတ်ပုံ-အေပီ)



**အမျိုးသားအုပ်စုပွဲတွင် မြို့တော်စည်ပင်မှ ရဲမင်းအောင်၏ ရိုက်ချတ်မှုကို ကာကွယ်ရေး (မျိုးဆက်သစ်) အသင်းပိတ်ဆို့စဉ်။ (မြန်မာ့အလင်း)**

## အမျိုးသားတံခွန်စိုက် ဘော်လီဘောပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

### အနိုင်ရရှိ

အမျိုးသားအုပ်စုပတ်လည် ပွဲစဉ်များတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက လဝကအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ ပြည်ထဲရေးအသင်းက တပ်မတော်(ရေ)အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက ကာကွယ်ရေး (မျိုးဆက်သစ်)အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

အုပ်စုပတ်လည်ပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ ငါးသင်းပတ်လည်ယှဉ်ပြိုင်သော အမျိုးသမီးအုပ်စုတွင် ပို့ဆောင်ရေး(က)အသင်းက လေးပွဲနိုင်ဖြင့် အုပ်စုပထမ၊ ဆောက်လုပ်ရေးအသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ ခုနစ်သင်းပတ်လည်ယှဉ်ပြိုင်သော အမျိုးသားအုပ်စုတွင် ပြည်ထဲရေးအသင်းက ခြောက်ပွဲနိုင်ဖြင့် အုပ်စုပထမ၊ မြို့တော်စည်ပင်အသင်းက လေးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ တို့ဖြင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အမျိုးသမီးဗိုလ်လုပွဲအဖြစ် ပို့ဆောင်ရေး(က)အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ အမျိုးသားဗိုလ်လုပွဲအဖြစ် ပြည်ထဲရေးအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

### ဗိုလ်လုပွဲ

ဗိုလ်လုပွဲ ပွဲစဉ်များကို နိုဝင်ဘာ ၁၃ရက်(ယနေ့)နံနက် ၉နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## စပိန်ဖလား ဒုတိယအကျော့ပွဲစဉ်များကစား နာမည်ကြီး ရီးရဲမက်ဒရစ် တတိယအကျော့တက်

**မက်ဒရစ် နိုဝင်ဘာ ၁၂**

စပိန်ဘုရင့်ဖလား ဒုတိယအကျော့ဘောလုံးပြိုင်ပွဲတွင် အက်လက်တီကိုအသင်းက ဒုတိယတန်းမှ ဂျင်နက်စတစ်အသင်းကို ကြာသပတေးနေ့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

အက်လက်တီကိုအသင်းအတွက် အနိုင်ဂိုးကို ပထမပိုင်းပြီးခါနီးတွင် နောက်တန်းလူက မီတာ၂၀ အကွာ အလွတ်တည်ကန်ဘောမှ သွင်းယူသွားခြင်းဖြစ်သည်။

ဒီပို့တီဗိုအသင်းသည် ၂၀၀၂ခုနှစ်က အဆိုပါဖလားကို ရရှိခဲ့သည်။ ၎င်းအသင်းသည် ဒုတိယတန်းမှ အယ်ချီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည်။

ရီးရဲမက်ဒရစ်၊ လီဗန်တေး၊ ရေးစင်း၊ အယ်ဘာစီတီ၊ မာလာဂါ၊ မာလော့ကာနှင့် ရီးရဲဆိုစီဒက်တို့သည်လည်း ယင်းတို့၏ အောက်တန်းပြိုင်ဘက်များအပေါ် အနိုင်ရခဲ့သည်။

တတိယတန်းလေးသင်းသည်လည်း အဆိုပါ ဒုတိယအကျော့ပြိုင်ပွဲများတွင် အနိုင်ရခဲ့ကြောင်းသိရသည်။

စပိန်ဘုရင့်ဖလား တတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီလတွင် နှစ်ကျော့ကစားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**



### ရှင်းလင်းတင်ပြ

**နိုဝင်ဘာ ၁၂ရက်က သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့် တပ်ဖွဲ့ဝင်များ ကြီးပွားရေးရပ်ကွက်သို့ ကွင်းဆင်းစစ်ဆေးကြရာ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံအရန်မီးသတ်တပ်ခွဲမှူး ခင်မောင်ထွန်းတို့က ရပ်ကွက်တွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။**
(ဝ၅၂)

**သာယာမည်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။



**သမ္မတ**



**"မင်း"**

(25 Nov, 3,23 Dec)

(25 Nov, 3,23Dec)

(24 Dec) (HOTEL MAX)

(16 Dec)



**ရွှေနတ်သား**


## မင်္ဂလာဦး ဆွမ်းကျွေး ပြီး စီး ခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းဘဏ်ရိပ်သာနေ
ဦးမောင်မောင်သိန်း-(ဒေါ်မြင့်မြင့်စိန်)တို့၏သား

**မောင်သန်းထိုက်** B.A (Eco;)

Myanma Steel World Co.,Ltd.

အမှတ် (၁)စက်မှုဇုန်၊ မန္တလေးနှင့် ပြည်မြို့၊ ခေတ္တရာဆည်မြောင်းဝင်းနေ
ဦးဟန်သိန်း-ဒေါ်စမ်းယဉ်တို့၏ တစ်ဦးတည်းသောသမီး

**မဟန်စုထိုက်** B.A (Eco;)

Myanmar Steel World Co., Ltd.

အမှတ် (၁)စက်မှုဇုန်၊ မန္တလေးတို့သည် နှစ်ဖက်မိဘများသဘောတူခွင့်ပြုချက်အရ မန္တလေးမြို့ ငါးစုံတိုက် ဇေယျာသုခကျောင်း၌ ၈-၉-၂၀၀၄ရက်တွင် မင်္ဂလာဦးဆွမ်းကျွေးပြီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်သန်းထိုက်-မဟန်စုထိုက်။**


**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**



**မဏိဒေဝတာ**



SUPER POWER

Reg No. 3951/2000


### အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်တိုင်းတရားရုံး**

**၂၀၀၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၂၉**

**(ကွယ်လွန်သူ ဦးကျော်ခိုင် ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၂၀ နေ ဒေါ်သိန်းနှစ်(ခ) ဒေါ်မေသိန်းနှစ် (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးစောအောင်နိုင်)က ကွယ်လွန်သူ ဦးကျော်ခိုင်၏ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၂၀ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်ခိုင်၏ မြဝတီဘဏ်လီမိတက် ငွေစုစာရင်းစာအုပ်အမှတ်-အက်စ် ၁၀၀ ကေ-၀၂၇၃၉ အမ်မ်ဖြင့် ငွေ ၇၄၃၇၀၈၅/၆၆ပြား (ကျပ်ခုနစ်ဆယ့်လေးသိန်းသုံးသောင်း ခုနစ်ထောင်ရှစ်ဆယ့်ငါးကျပ်နှင့် ခြောက်ဆယ့်ခြောက်ပြား)တိတိနှင့် မြန်မာ့ စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၁)ရန်ကုန်မြို့မှ ငွေစုဘဏ်စာရင်းအမှတ်-အက်စ်ကေ ၁၁၂၃၅၄ ရှိ လက်ကျန်ငွေ ၅၃၈၉၅၅၇/၀၅ ပြား(ကျပ်ငါးဆယ့်သုံးသိန်းရှစ်သောင်းကိုးထောင်ငါးရာ ငါးဆယ့်ခုနစ်နှင့်ငါးပြား)တိတိတို့ကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေဆက်ခံခွင့်ရလိုကြောင်း ဤတရားရုံး၌ လျှောက်ထားလာသည်ဖြစ်၍ ကွယ်လွန်သူ ဦးကျော်ခိုင် ကျန်ရှိသော ပစ္စည်းများအပေါ် ရရန်ရှိသူ မည်သူမဆို ဤတရားရုံးသို့ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်(၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်)နေ့တွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

ယင်းနေ့တွင် လျှောက်ထားသူ ဒေါ်သိန်းနှစ်(ခ)ဒေါ်မေသိန်းနှစ် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးစောအောင်နိုင်)၏ လျှောက်လွှာကို ကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ်ရသင့်မရသင့် စစ်ဆေးကြားနာ ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အောင်ငွေ**
**တိုင်းတရားသူကြီး**
**ရန်ကုန်တိုင်းတရားရုံး။**


**Y.E.S.**

Basic Spoken English : NOV - 1, 8, 15, 27, 29

Pre-Intermediate English : NOV - 13, 15, 29

Intermediate English, Basic Writing : NOV - 22, 27

SAT (I), IELTS, TOEFL : NOV - 2, 27, 29

Grammar Foundation Course : NOV - 27

SAT(II), 4-Skills, Vocabulary Enrichment, AWC

No.190, 2nd Flr, 28th St.(Upper), Pabedan Tsp. ☎ 243966




## အေးချမ်းအောင်မြင်ငွေကျောင်း

### စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လှူ သင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားကြီးအားအမှူးထား၍ အေးချမ်းအောင်မြင်ငွေကျောင်းတွင် ဝါကပ်တော်မူခဲ့ကြသော မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဦးသုဂန္ဓ၊ ညီတော် ဆရာတော် ဦးဇောတိက တို့အား ဦးထိပ်ထားပြီး ကျောင်းရှိသံဃာတော်ကိုးပါးနှင့် ပင့်သံဃာ ၉၉ ပါးတို့အား ဘုံကထိန်လှူသင်္ကန်းကို စုပေါင်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြည်ညိုလှူဒါန်းကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ကပ်လှူမည့် နေ့ရက်** - ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် ၂၁-၁၁-၂၀၀၄ (တနင်္ဂနွေနေ့)

**ကပ်လှူမည့် အချိန်** - နံနက် ၉း၃၀ နာရီတိတိ

**ကပ်လှူမည့် နေရာ** - အေးချမ်းအောင်မြင်ငွေကျောင်း နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ညှော်ခံချိန်** - နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ထမင်း၊ ဟင်းလျာများဖြင့် ညှော်ခံကျွေးမွေးပါမည်။

**၂၀-၁၁-၂၀၀၄ရက် (စနေနေ့) ညတွင် အငြိမ့်ဖြင့် ညှော်ခံပါမည်။**

**လှူဒါန်းလိုသူများ ဆက်သွယ်ရန် ဖုန်း** - ၀၉-၈၀-၃၁၂၇၁၊ ၀၉-၈၀-၃၂၃၀၁၊ ၅၂၄၄၈၂။

**အေးချမ်းအောင်မြင်ငွေကျောင်း**
**စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လှူသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးကော်မတီ။**


**ကြာငါးခိုင် ကထိန်သင်္ကန်း**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရွှေတောင်ကြား၊ ငွေဝတ်မှုန်ရပ်ကွက်နေ
ဒုတိယဗိုလ်ချုပ်ကြီးမြသင်း(ငြိမ်း)-ဒေါ်မေညွန့်ရီ တို့၏သား

**မောင်သက်ဆွေ** B.E (Civil)

Dip;in Building Construction & Maintenance Technology

Director,NVL Trading Co.,Ltd.

Executive Director,Aung Myay Brick Factory,

Thindeper Inn

နှင့်

ရန်ကုန်မြို့၊ ယင်းမာမြိုင်လမ်း၊ သုဝဏ္ဏနေ
ဦးကိုကိုအောင်-ဒေါ်နုနုသိန်းတို့၏ သမီး

**မယမင်းကိုကို**

( 2nd Year Maths; )

Director, Aung Myay Brick Factory

တို့သည် ၁၂-၁၁-၂၀၀၄ ရက်တွင် Traders Hotel. Myanmar Ballroom ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။


မှပိုင်-BIG BOSS

Lazy Club

VCD KARAOKE

Evening Star MUSIC PRODUCTION






# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ သွားနှင့်ခံတွင်းကျန်းမာရေးစစ်တမ်းကောက်၊ ဆေးကုသပေး

ကန်ကြီးထောင့် နိုဝင်ဘာ ၃

**သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ ဒေါက်တာ သိန်းထွဋ်နှင့် ဘွဲ့လွန် ကထိက ဒွေးမြင့်ဦး ခေါင်းဆောင်၍ ကြီးကြပ်သူ သွားဘက်ဆိုင်ရာ ဆရာဝန် ၂၀ ၊ အလုပ်သင်ဆရာဝန် ၁၆ ဦးနှင့် စတုတ္ထနှစ်ကျောင်းသူ ကျောင်းသား ၁၀၂ဦးတို့သည် သွားနှင့်ခံတွင်းကျန်းမာရေး စစ်တမ်းကောက်ယူခြင်း၊ ပညာပေးဟောပြောခြင်းနှင့် ဆေးကုသခြင်းများကို ဧရာဝတီတိုင်း ပုသိမ်ခရိုင်သို့ ကွင်းဆင်းဆောင်ရွက်ရာ အောက်တိုဘာ ၂၁ရက်က ကန်ကြီးထောင့်မြို့နယ်သို့ ရောက်ရှိကြသည်။**

### ဆေးကုသ ဆောင်ရွက်ပေး

ဆက်လက်၍ အဆိုပါသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူအဖွဲ့သည် လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာ ၂၁ရက်မှ ၂၃ရက်အထိ ကန်ကြီးထောင့်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ သွားနှင့်ခံတွင်းကျန်းမာရေးစစ်တမ်းကောက်ယူခြင်း၊ ပညာပေးဟောပြောခြင်း၊ ဆေးကုသခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၀၈)**

**ကျိုင်း တုံ မြို့ သန့်ရှင်းသာယာ လှပရေးအတွက် အောက်တိုဘာ ၂၀ ရက် က လေယာဉ်ကွင်းလမ်းရှိ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဉာဏ်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။**

(မြို့နယ်စည်ပင်)



# မော်လမြိုင် သမိုင်းဝင် ကျိုက်သလ္လံစေတီ ဗုဒ္ဓပူဇနိယနှင့် အသံမစဲမဟာပဋ္ဌာန်းပူဇော်

**မော်လမြိုင် အောက်တိုဘာ ၃၀**

**မော်လမြိုင်မြို့ သွားတော်ဓာတ်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံစေတီ ဗုဒ္ဓပူဇနိယပွဲတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဘုရားအမှူးပြုသော သံဃာတော် ၁၁၁ ပါးတို့အား ဆွမ်းခြောက်လောင်းလှူပွဲ၊ ဆွမ်းတော်ကြီးတင်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ အမွှေးနံ့သာပူဇော်ပွဲကို နိုဝင်ဘာ ၂၅ရက်မှ ၂၇ရက်အထိ ဘုရားရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

အစီအစဉ်အရ ဘုရားရင်ပြင်ပေါ်တွင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၉ရက်မှ ၂၃ရက်အထိ လည်းကောင်း၊ မသိုးသင်္ကန်း ရက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် လည်းကောင်း ကျင်းပမည် ဖြစ်သည်။

ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတို့တွင် ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များသည် ဖုန်း– ၀၅၇–၂၁၃၃၄ မော်လမြိုင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတင်အောင်၊ ဖုန်း–၀၅၇–၂၄၈၇၈ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း–၀၅၇–၂၁၀၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**အောက်တိုဘာ ၁၁ ရက်က ဗန်းမော်မြို့နယ် ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ကြရာ ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးစိုးနိုင်အေးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)





**မအူပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မအူပင်မြို့နယ် ရွှေတောင်မှော်ကျေးရွာ ပညာဂုဏ်ရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို အောက်တိုဘာ ၁၅ ရက်က မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးလှရွှေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး မြို့နယ်ဦးစီးမှူး ဦးအောင်စိုး၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (၄၂၁)

## အခ မြို့ မြို့ အနယ်နယ် သတင်းများ

# ရေဦး ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်ဘူးနှင့် အလှူငွေပေးအပ်

**ရေဦး အောက်တိုဘာ ၂၉**

ရေဦးမြို့နယ် ပြည်သူ့ဆေးရုံတွင် အသုံးပြုရန်အတွက် အလှူရှင်များက အောက်ဆီဂျင်ဘူးနှင့် အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရေဦးမြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးအေးကျော်–ဒေါ်တင်တင်ထွေး(နေလဆန်စက်) မိသားစုက လှူဒါန်းသော ငွေကျပ် တစ်သိန်းနှစ်သောင်းကျော် တန်ဖိုးရှိသော အောက်ဆီဂျင်ဘူးကို အလှူရှင်မိသားစုကိုယ်စား အောင်ချမ်းသာရပ်ကွက် ဥက္ကဋ္ဌ ဦးဌေးညွန့်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ကြည်အေးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော ရေစင်တည်ဆောက်ရေးအတွက် မတည်ငွေကျပ်တစ်သိန်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ကြည်အေးက ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်က ခရိုင်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် သီပေါ အထကမှ ခရိုင်အဆင့် ပညာရည်ချွန်ဆုပထမဆုရ မောင်အောင်ရဲကျော်အား ခရိုင်အသင်းအတွင်းရေးမှူးဦးကိုကိုက ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။** (၃၀၆)



## e- Education Learning Centre

## သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

## မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

**၁၅–၁၁–၂၀၀၄ (တနင်္လာနေ့)**

- ❑ ဘောဂဗေဒဘာသာ ဟောပြောမှု(၁)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ
- ❑ ဘောဂဗေဒဘာသာ ဟောပြောမှု(၂)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ
- ❑ ဘောဂဗေဒဘာသာ ဟောပြောမှု(၃)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ

**၁၆–၁၁–၂၀၀၄ (အင်္ဂါနေ့)**

- ❑ ပထဝီဝင်ဘာသာ ဟောပြောမှု(၁)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ
- ❑ ပထဝီဝင်ဘာသာ ဟောပြောမှု(၂)
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား/ကျောင်းသူများ

**၁၇–၁၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

- ❑ မိလိန္ဒပြဿနာများ
  - အဝေးသင်တက္ကသိုလ် တတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Psychology Research
  - အဝေးသင်တက္ကသိုလ် တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Industrial/ Organizational Psychology I/O Psychology
  - အဝေးသင်တက္ကသိုလ် တတိယနှစ် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၈–၁၁–၂၀၀၄ (ကြာသပတေးနေ့)**

- ❑ Aesthetics, the Nature of Aesthetics
  - အဝေးသင်တက္ကသိုလ် တတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ United Nations Organization
  - အဝေးသင်တက္ကသိုလ် တတိယနှစ် ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ English Literature Poetry
  - အဝေးသင်တက္ကသိုလ် တတိယနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၉–၁၁–၂၀၀၄ (သောကြာနေ့)**

- ❑ Soil Erosion and Soil Conservation
  - အဝေးသင်တက္ကသိုလ် တတိယနှစ် ပထဝီဝင် အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Plate Tectonics
  - အဝေးသင်တက္ကသိုလ် တတိယနှစ် ပထဝီဝင် အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Parasitics Protozoans
  - အဝေးသင်တက္ကသိုလ် တတိယနှစ် သတ္တဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ**

**၂၀–၁၁–၂၀၀၄ (စနေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

**၂၁–၁၁–၂၀၀၄ (တနင်္ဂနွေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ



# ရှမ်းပြည်နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

တောင်ကြီး နိုဝင်ဘာ ၅

**၂၀၀၄ခုနှစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အကြီးတန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ၄ရက် မွန်းလွဲ ၂နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း၌ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌအရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ ဘောလုံး ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**

ဗိုလ်လုပွဲအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(က) ဘောလုံးအသင်းနှင့်တောင်ကြီးခရိုင်(ခ) ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း (က)က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆုပေးပွဲအခမ်းအနားကိုဆက်လက် ကျင်းပရာ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရ တင်လှက ဒုတိယဆုရရှိသော တောင်ကြီး ခရိုင်(ခ) အသင်းအား တစ်ဦးချင်း ဆုများကိုလည်းကောင်း၊ ဗိုလ်မှူးကြီး အောင်ကျော်ဦးက ဒုတိယရရှိသော တောင်ကြီးခရိုင်(ခ) အသင်းအားငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ပြည်နယ်အဖွဲ့ဝင်(၁) အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိန်တင်က ပထမဆုရရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(က)အသင်းအားတစ်ဦးချင်းဆုများကိုလည်းကောင်း၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ရဲထွန်းစိန်က ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်က ပထမဆုရရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(က) အသင်းအား ငွေကျပ်သုံးသိန်းနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

**(ဝဲပုံ) (က-ပ)**

**ကြို့ပင်ကောက်မြို့နယ် ခုနစ်ရွာကျေးရွာတွင် ဆောက်လုပ်ပြီးစီး၍ နေထိုင်လျက်ရှိသည့် ဦးသိမ်းကြွယ် မိသားစုအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွယ်နွယ်ယဉ်တို့က လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးစဉ်။**
(မြို့နယ် ပြန်/ဆက်)



## စုပေါင်းဘုံကထိန်နှင့် သိက္ခာထပ်ပွဲကျင်းပ

**နတ်တလင်း နိုဝင်ဘာ ၅**

ပဲခူးတိုင်း(အနောက်ပိုင်း)နတ်တလင်းမြို့ မဟာစည်သာသနာ့ ရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၅)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်နှင့် ပဓာနနာယက ဆရာတော် ဦးသုတစာရအား သာသနနုဂ္ဂဟအဖွဲ့က ကြီးမှူး၍ သိက္ခာထပ်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၂၅ရက်) ကြာသပတေးနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

## ဈောင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ဈောင်း နိုဝင်ဘာ ၄**

ဈောင်းမြို့နယ် ကျောက်ကူပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ခေတ်ရေ့ဆောင် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးနှင့် ကျောက်ကူပြင် ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော မဂ္ဂဇင်းစာအုပ်မျိုးစုံ ၃၀၊ ကျေးရွာအလှူရှင်များက လှူဒါန်းသော စာအုပ်မျိုးစုံ ၄၀၀ နှင့် အလှူငွေကျပ် ၁၃၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးမောင်မောင်လွင်က လက်ခံရယူသည်။

အလားတူ စာကြည့်တိုက်များကို တပ်ကုန်းကျေးရွာတွင် ပညာအလင်း စာကြည့်တိုက်၊ဘုရားကြီးကုန်းကျေးရွာတွင် လင်းရောင်ခြည် စာကြည့်တိုက်၊ ယကြီးကျေးရွာတွင် ပညာရောင်ခြည် စာကြည့်တိုက်၊ မြင်းကွင်းကျေးရွာတွင် ရောင်နီဦး စာကြည့်တိုက်၊ လွှစင်ကျေးရွာတွင် ဗလငါးတန်-၂ စာကြည့်တိုက်၊ ယုံတောင်ကျေးရွာတွင် သုတရတနာ-စာကြည့်တိုက်၊ တောင်ခေါင်းပွာကျေးရွာတွင် တက်နေဝန်းစာကြည့်တိုက်နှင့် ပိန္နဲကုန်း ကျေးရွာတွင် သုတစွမ်းအား စာကြည့်တိုက်များကို ဖွင့်လှစ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## မြို့စိမ်းလန်းစိုပြည်ရေးပန်းအလှပင်စိုက်ပျိုး

**လပွတ္တာ နိုဝင်ဘာ ၃**

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးလျက်ရှိရာ ကမ်းနားလမ်းတစ်လျှောက် အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို အောက်တိုဘာ၂၂ ရက်က မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ဝင်းထွန်း ကွင်းဆင်းစစ်ဆေးရာ လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ရှင်းလင်းပြသကြသည်။ **(ယာပုံ) (က-ပ)**



## ကျောက်ဖြူမြို့နယ်၌ မင်းရောင်ခြည် စာကြည့်တိုက်ဖွင့်

**ကျောက်ဖြူ နိုဝင်ဘာ ၆**

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့ ပူးပေါင်း၍ ကျောက်ဖြူမြို့နယ် မင်းတက်တောင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၄ရက်က မင်းတက်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်လှ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းလွင်လေး၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### လက်ခံရယူ

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်စာစောင် ၁၀၀၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက စာအုပ်စာစောင် ၇၅အုပ် အလှူရှင်များက လှူဒါန်းငွေစုစုပေါင်း ကျပ်၆၇၆၈၀ကိုပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ရင်က လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

## တောင်ငူ အထက(၄)မြတ်ဆရာပူဇော်ပွဲ

**တောင်ငူ နိုဝင်ဘာ ၁၀**

တောင်ငူမြို့ အထက(၄) (ယခင်စိန်လွတ်)ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသောအသက်၆၀နှင့်အထက် အငြိမ်းစား ဆရာဆရာမကြီးများအား သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့)တွင် အထက(၄) ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်နီးရပ်ဝေး ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသားဟောင်းများအားလုံး ပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေများလှူဒါန်းလိုသူများ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်မူ ဖုန်း-၀၅၄-၂၃၁၆၈၊ ဦးမျိုးအောင် ဖုန်း-၀၅၄-၂၃၀၇၊ ဦးအေးသွင် ဖုန်း-၀၅၄-၂၃၁၆၈၊ ဒေါက်တာကျော်မြင့်ထူး ဖုန်း-၀၁-၅၃၅၇၉၈ ရန်ကုန်တက္ကသိုလ်၊ဦးအောင်စိုး ဖုန်း-၀၉-၈၀ ၃၄၅၃၉နှင့် ဒေါ်ခင်နုနု ဖုန်း-၀၅၄-၂၁၅၀၆တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

**(က-ပ)**

## ရှင်းလင်းတင်ပြ

**ဖြူးမြို့နယ် ဖြူးအရှေ့ကျေးရွာအုပ်စု တာခြား-ဘန်းလောင် အုတ်ခုံခံ ကွန်ကရစ်ခင်းတံတား အသစ်ပြန်လည် ဆောက်လုပ်ခြင်းနှင့် မြေသားလမ်းမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို ဖြူးမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် အမှုဆောင်အရာရှိ ဦးစိုးညွန့်၊ တံတား ဖြစ်မြောက်ရေးကော်မတီဝင်များ နိုဝင်ဘာ၅ရက်က လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းက ရှင်းလင်းတင်ပြစဉ်။**

(က-ပ)

## ဟုမ္မလင်းမြို့နယ်တွင် စက်ရေတွင်းဖွင့်လှစ်

**ဟုမ္မလင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကက်သာကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက်က ကက်သာကျေးရွာ စက်ရေတွင်းရှေ့ မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင်စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးသိန်းနိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ငွေ၊ ကျေးရွာ ရေတွင်း ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်း ရေကန်၊ ရေစက်ရုံတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၃၅၀၀၀၀နှင့် ကက်သာကျေးရွာပြည်သူများက ငွေကျပ် ၂၄၆၈၅၀ ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ စက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ ထွက်ရှိရာ ကက်သာကျေးရွာအတွက်သန့်ရှင်းသောသောက်သုံးရေရရှိကြပြီဖြစ်သည်။

**(မြို့နယ်စည်ပင်)**



## မသက်ဆိုင်ပါကြောင်း

ကျွန်မ မစံပါယ် ၁၂/ဒဂန(နိုင်)၀၂၃၅၈၀၏ခင်ပွန်း ကိုသိန်းအောင် ၁၂/ဒဂန(နိုင်)၀၂၁၄၉၂တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်းမရှိပါ။ ထို့ကြောင့် ၎င်းနှင့်ပတ်သက်ခြင်းမရှိပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်မယူပါကြောင်း အများသိစေအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မစံပါယ်။**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်အောင်ထက်လွင် ၈/မထန(နိုင်)၀၉၈၃၃၇သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။(နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။(မေးမြန်းစုံစမ်းခြင်း သည်းခံပါ။) **ဦးအေးလွင်–ဒေါ်ဝင်းကြည် ကံကြီးရပ်၊အောင်လံမြို့။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ကားလိုင်စင်စာအုပ်များနှင့် ၎င်းတို့နှင့် ပတ်သက်သည့် ရုံးစာရွက်စာတမ်းများပါရှိသည့် ဖိုင်ကာဘာအိတ်တစ်လုံးမှာ စမ်းချောင်းမြို့နယ် ဝင်ဆာလမ်းအနီးတွင်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပါရန်။

**မြင့်သူ**
**ဖုန်း–၅၃၆၀၉၇။**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစောအုန်းကြွယ်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ပန်းလှိုင်လမ်း အမှတ် ၁၀နေ(ဦးအောင်သန်း–ဒေါ်ဟန်မေ)တို့၏သား၊ (ဦးအောင်ကျော်–ဒေါ် စိန်ညွန့်)တို့၏သားသမက်၊ ဒေါ်မြကြည်၏မောင်၊ (ဦးအောင်ခင်–ဒေါ်တင်ရီ)၊ ဒေါ်မြရီတို့၏အစ်ကို၊ ဒေါ်အေးကြွယ်၏ခင်ပွန်း၊ ဦးငွေစံ–ဒေါ်ငွေးငွေးကြွယ်(အထက–၄၊ အလုံ) (ဦးမောင်မောင်ကြီး)–ဒေါ်ခင်စောအေး၊ ဦးမျိုးငြိမ်း(C/O Fujiyama Co.,)–ဒေါ်သန်းသန်းကြွယ်(အထက–၃၊အလုံ)၊ Dr. တင်တင်ကြွယ်၊ Dr.ရဲထွန်းကြွယ် (Y.C.D.C)–ဒေါ်သီတာ (Good Brothers Co.,Ltd.)၊ ဦးမျိုးမင်းကြွယ်(J/E -Fujiyama Co.)–ဒေါ်စိုးရီရီအောင်(အထက–၁၊ သန်လျင်)တို့၏ဖခင်၊ စစိုးပြည့်စုံ (E/C T.M.T Co., Ltd.)၊ နော်ဖြူဖြူသင်းကြူ[2nd MB, IM(1)]၊ မဝင်းပပဖြိုး၊ မကေခိုင်ငြိမ်း၊ မစိုးယုမော်၊ မဇင်မြတ်မွန်၊ မောင်ကျော်ကိုကိုကြွယ်တို့၏အဘိုးသည် ၁၁–၁၁–၂၀၀၄ရက် ညနေ ၅း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅–၁၁–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
## ဦးကြီးမောင် (ပြည်မြို့)
### စက်မောင်း–၄(ငြိမ်း)
### အသက်(၇၃)နှစ်

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ မြို့ပတ် ၁၂ လမ်းနေ ဒေါ်ရင်သန်း၏ ခင်ပွန်း၊ ရာသက်ပန် အသင်းဝင်အမှတ်(၁၅၅၈)သည်၁၁–၁၁–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၃–၁၁–၂၀၀၄ရက်တွင် ကန်ပါဦးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

## ပေါင်းတည်ရာသက်ပန်အသင်းဝင်
## ဦးစောလွင်
### (ပြည်တွင်းအခွန်၊ ငြိမ်း)
### အသက်(၇၁)နှစ်

(ဦးသန်းတင်–ဒေါ်ရီ)တို့၏သား၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေး ၄ လမ်း၊ တိုက်အမှတ် ၃၀၊ အခန်း ၁ နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ ဦးဇော်ဝင်းသိန်း(ဆသရ) – ဒေါ်ချိုချိုလွင်၊ ဦးကျော်သူလတ်–ဒေါ်နီနီလွင်(ဆသရ)၊ ဦးမျိုးမြင့်ဦး–ဒေါ်မြင့်မြင့်လွင်၊ ဦးဉာဏ်ဝင်း(ဒုရဲအုပ်၊ မော်ဘီ)–ဒေါ်ခင်မေလွင်၊ ဦးတင်မိုးလတ်(ကပရ)–ဒေါ်သင်းသင်းလွင်၊ ကိုသိန်းထွန်းလွင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၁–၁၁–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်းဒါယကာကြီး
## ဦးတင်ဝင်း
### ဆက်သွယ်ရေး(ငြိမ်း)
### ရွှေပြည်သာနာရေးကူညီမှုအသင်း
### ဒု–ဥက္ကဋ္ဌ
### (အထက–၃၊ရွှေပြည်သာကျောင်း)
### အကျိုးတော်ဆောင် ဒုဥက္ကဋ္ဌ
### အသက်(၅၆)နှစ်

(ဦးကြီးရွှေ–ဒေါ်မယ်ရွှေ)တို့၏သား၊ (ဦးတင်မြင့်–ဒေါ်ထွေးတင်)တို့၏ ညီ/မောင်၊ ရွှေပြည်သာမြို့၊ (၈)ရပ်ကွက်၊ ကနောင်ပန်းခြံ ၂ လမ်း၊ အမှတ် ၄၀၅(က)နေ ဒေါ်စန်းခင်၏ခင်ပွန်း၊ ဦးခင်အုန်း(ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး)–ဒေါ်ခင်မိုးမိုး၊ ဦးသိန်းထွဋ်(ဆက်သွယ်ရေး)–ဒေါ်စန္ဒာဝင်း၊ ဦးရဲအောင်(ဦးကြူမိသားစုဂျုံစက်)–ဒေါ်နီလာဝင်း၊ ဦးဝင်းသန်းထွဋ်(ဆက်သွယ်ရေး)–ဒေါ်ချယ်ရီ၊ ဦးတင်မျိုးဇော်(မာကို ကြိမ်စက်ရုံ)–ဒေါ်စန်းစန်းနိုင် (မာကို ကြိမ်စက်ရုံ)၊ မောင်မင်းမင်းဟန်၊ မောင်ဝင်းသီဟမင်းတို့၏ဖခင်၊ မောင်ဇော်မင်းထွဋ်နှင့် မြေးသုံးယောက်တို့၏အဘိုးသည် ၁၁–၁၁–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pi Dim Sian Cing
### Tabernacle of Joy Assembly (U.P.C) (Tungzang, Naulak)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၇၅/၈၀၊ အခန်း ၄၉(အပေါ်ဆုံးထပ်)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်နေ (Pu Do Gin–Pi Cin Naing)တို့၏သမီး၊ ထွေး၊(Pu Ngul Khan Dal)၏ဇနီး၊ Rev. Mang Khan Khup (B.A,Th)–Nu Hau Lun Cing, Nu Vial En Cing–Pa Kham Tun Ping, Nu Niang Lian Man–Pa Thang Za Tung တို့၏မိခင်၊ Nu Sian Tung Niang (B.A,Final)–Pa Tun Tun(Sgt Clk), Lia Cing Suan Lian(Eco Final), Tg. Dal Sian Khai (1st Year), Tg. Kap Mun Thang (အထက–၆၊ ဗိုလ်တထောင်)၊ Lia Cing Muan Sang, Lia Cing Lun Mang တို့၏အဘွား၊ မြေးမြစ် ၁၉ယောက်တို့၏အဘွားသည် ၁၁–၁၁–၂၀၀၄ရက် နံနက် ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅–၁၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ဓမ္မောလဘုရားကျောင်းရှေ့ ပိတောက်မြိုင်(ထန်းပင်ကုန်း)၊ ဝါယာလက်(ဈေး)၊ UPC (ဌာနချုပ်)၊ Shalom (AG) ဘုရားကျောင်း၊ ရွှေပြည်သာ(ကားကြီးဂိတ်)များနှင့်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

## အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမဒေါ်လှလှသန်း
### (ကျောက်ဖြူ)
### အထက်တန်းသူနာပြုဆရာမကြီး(ငြိမ်း)
### လူမှုဖူလုံရေးအဖွဲ့
### အသက်(၆၂)နှစ်

ကျောက်ဖြူမြို့၊ သဗ္ဗန်ချောင်းရပ်နေ (ဦးအောင်သာထွန်း – ဒေါ်ဘီဓံ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၂၀၄နေ ဟာဂျီဦးဘစံ(မန်နေဂျာ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ငြိမ်း)၏ဇနီး၊ ဦးတင့်ဆွေ(ကုန်သည်)–ဒေါ်မိမိစံ(ထွေ/အုပ်၊ သဃ်န်းကျွန်း)၊ ဦးအောင်ထွန်း (ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန)–ဒေါ်နီနီစံ (ပညာရေး၊ သာကေတ)တို့၏မိခင်၊ မောင်တင်ထွဋ်စံ (အထက–၆၊ ဗိုလ်တထောင်)၊ မောင်ချမ်းငြိမ်းစံ၊ မနှင်းရတီအောင်၊ မနှင်းဝတီအောင်တို့၏ အဘွားသည် ၁၀–၁၁–၂၀၀၄ရက် ည ၈း၃၅နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၁–၁၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဒေါက်တာဒေါ်တင်ဇ (Jeanne)
### M.B.,B.S (Ygn.) DCH, DRCOG (UK)
### (အငြိမ်းစား၊ ဆေးရုံအုပ်ကြီး)
### (တောင်ဥက္ကလာပ အမျိုးသမီးဆေးရုံ)
### အသက်(၈၁)နှစ်

အမှတ် ၃၀၊ အခန်း ၁၀၊ ဦးဝိစာရအိမ်ရာနေ(ဦးဆိုင်–ဒေါ်အေးမေ)တို့၏သမီး၊ (ဦးဟိန်တင်–ဒေါ်သိန်းနု)၊ ဒေါ်လှမေ၊ (ဦးအုန်းခင်)တို့၏ညီမငယ်သည် ၈–၁၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါ၍ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်ချိုငယ်ဝင်း (ချောက်မြို့)
### B.A (Myanmar)
### အလပြ(ငြိမ်း)၊အလက(၃)ချောက်မြို့
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မင်းဒင်လမ်း၊ တိုက် ၁၇၊ အခန်း ၇ နေ ဦးကျော်ဝင်း(အကြီးတန်းအုပ်ချုပ်ရေးအရာရှိ၊ ငြိမ်း၊ မြန်မာ့ရေနံ)–ဒေါ်စန်းစန်း(စာရင်းကိုင်၊ ငြိမ်း၊ မြန်မာ့ရေနံ)တို့၏သမီးကြီး၊ဒေါ်တင်တင်၏တူမကြီး၊ ဦးဇော်မိုးဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)–ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခိုင်လယ်ဝင်း(ကထိက၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၊ (ဦးမျိုးဝင်း–ဒေါ်စုစုမာ)၊ ဦးကျော်သက်ဝင်း(Installation Engineer)–ဒေါ်စုစန္ဒာအောင် (Myanmar Butex)၊ ဦးတင်အောင်ဝင်း(Engineering Dept:Grand Plaza Parkroyal)၊ ဦးရန်နိုင်မိုး–ဒေါ်ချောစုစုဝင်း(သမစိတ္တဆီစက်၊ရေနံချောင်းမြို့)၊ ဒေါ်ချောစိမ့်စိမ့်ဝင်း(J.E,M.O.G.E)တို့၏မမကြီး၊ တူ တူမ ခုနစ်ယောက်တို့၏ကြီးကြီးသည် ၁၀–၁၁–၂၀၀၄ရက် ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
## ဒေါ်တင်အေး (ဖျာပုံမြို့)
### အသက်(၇၆)နှစ်

ဖျာပုံမြို့၊ အမှတ် ၈၃၊ ဒုတိယလမ်းနေ (ဦးကျင်သိန်း)၏ဇနီး၊ ဦးမြင့်အောင်–ဒေါ်ခင်အုန်းမြင့် (Summit Goal Co., Ltd.)၊ ဒေါ်စမ်းစမ်းမြင့် (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်အောင်မင်း–မယဉ်သူ(ဖိနပ်ဆိုင်)၊ မောင်ဇော်လွင် (First- Top Co., Ltd.)–မအေးအေးခိုင်တို့၏မိခင်၊ မသူသူသန်း၏အဘွားသည် တိုက် E၊ အမှတ် ၄၀၄၊ အောင်မင်္ဂလာလမ်း၊ ဘိုလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေ မြို့နယ်နေအိမ်၌ ၁၁–၁၁–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၀း၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အောင်မင်္ဂလာလမ်းရှိ နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်မေအေး(ခ)
## ဒေါ်ခင်အေး
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ တိုက် ၁၁၊ အခန်း ၅ နေ (ဗိုလ်မှူးဖိုးကွန်း – ဒေါ်ဒေါ်သင်း)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ ဦးအောင်ကြီး၊ ဒေါ်ခင်လှမြင့် (အငယ်တန်းအင်ဂျင်နီယာ–၂၊ တောင်ပိုင်းခရိုင်သန်လျင်မြို့)၊ ဒေါ်ခင်လေးမြင့်၊ ဦးကျော်ထွဋ်–ဒေါ်သီသီလွင်၊ ဦးမျိုးပိုင်ကျော်လွင် (Tour Mandalay Co.,Ltd.)–ဒေါ်နီနီခင်၊ ဦးဖေဝင်းတို့၏မိခင်၊ မောင်မျိုးဆက်ကျော်လွင်(VIII–G၊ TTC)၊ မလွင်မွန်ကျော် (VI–A၊ အထက–၂၊ ကမာရွတ်)တို့၏အဘွားသည် ၁၂–၁၁–၂၀၀၄ရက်(သောကြာနေ့) နံနက် ၈း၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမြင့်ဆွေ
### (မော်လမြိုင်)
### အသက်(၆၃)နှစ်

မော်လမြိုင်မြို့နေ (ဦးဘစိန်–ဒေါ်သင်းကြိုင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးကျော်ဒင်–ဒေါ်အုန်းကျင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၂၃ နေ ဒေါ်သန်းမြင့်(မော်လမြိုင်မြို့နယ်၊ သ/မအသင်းစု၊ ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်အေးနုကြည် (နည်းပြ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)–ဦးစိုးပိုင်၊ ဒေါ်အေးသန့်ကြည်–ဦးအောင်သန်းလှိုင်၊ ဒေါ်အေးနွဲ့ကြည်–ဦးသက်ချိုဦး၊ မအေးနုထွေး၊ မောင်ငြိမ်းချမ်းနီတို့၏ဖခင်၊ မောင်လင်းဥက္က၏အဘိုးသည် ၁၂–၁၁–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## နာယကဆရာကြီး ဒေါ်ပညာရီ
### (မောင်တော၊ နတ်မြစ်)
### သက်တော်(၈၇)နှစ်၊
### ဝါတော်(၇၁)ဝါ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံ သီလရှင်စာသင်တိုက်မှ ဆရာကြီး ဒေါ်ပညာရီသည် ၁၁–၁၁–၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ကျိုက္ကစံ သီလရှင်စာသင်တိုက်၌ပျံလွန်တော်မူသွားပါ၍ ၁၅–၁၁–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျိုက္ကစံ သီလရှင်စာသင်တိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) နာယကဆရာကြီးများနှင့် တပည့်များ။

## ဦးဘာအင် (ထားဝယ်)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးဘဝင်းလမ်း၊ ၃၉(အေ)ရပ်ကွက်၊ ၁၂၉ နေ (ဦးဆင်သွမ်–ဒေါ်မြရှင်)တို့၏သား၊ (ဦးဘာကွန်)–ဒေါ်ပိုကြည်၊ (ဒေါ်ညာကြူ)တို့၏မောင်၊ဒေါ်သင်းစိန်၏ခင်ပွန်း၊ ဒေါ်စန္ဒာသီရိ (မင်းကွန်းတောရ)၊ ဒေါ်လင်းရှိန်တို့၏အစ်ကို၊ မောင်ဘွန်ချူ–မခင်မုံတို့၏ဖခင်သည် ၁၁–၁၁–၂၀၀၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃–၁၁–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဒေါ်သန်းတင် (မိတ္ထီလာ)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက် ၊ နွယ်သာကီ ၇ လမ်း၊ အမှတ် ၄၀၂ နေ (ဦးစိန်–ဒေါ်အိမ့်ဆင့်)တို့၏သမီး၊ ဒေါ်မြကြည်၊ ဦးတင်ရွှေတို့၏ညီမ၊ ဦးသန်းထွန်း (ဘူမိဗေဒအရာရှိ၊ ဘစရ)–ဒေါ်နယ်လီတို့၏အစ်မ၊ဒေါ်ခင်ဆွေဆွေထွန်း(နည်းပြ၊ ဆေးဘက်ပညာသည်တက္ကသိုလ်)၊မောင်နှစ်ဆန်းထွန်း (မြန်မာ့ရှော့ပင်းမောလ်ကုမ္ပဏီ)၊ မောင်ငြိမ်းချမ်းထွန်းတို့၏ ကြီးကြီးသည် ၁၀–၁၁–၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## မောင်ကျော်သူရ (ခ)
## ဖိုးကျော် (မြိတ်)
### အသက်(၂၈)နှစ်

မြိတ်မြို့နေ(ဦးလင်နာ–ဒေါ်ဘန်နာ)၊ (ဦးဆိုင်ရာ)–ဒေါ်ရှုဘွန်တို့၏မြေး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ ၃ လမ်း၊ အမှတ် ၁၀၄နှင့်ရန်ကုန်မြို့၊အမှတ် ၃၅၀/၃၅၄၊ အခန်း ၆၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးကျော်မြင့်–ဒေါ်လွင်လွင်ဦးတို့၏သား၊ ကိုဝင်းနိုင်–မသင်းသင်းယုတို့၏မောင်၊ မယုယုလွင်၊ မောင်နေမျိုးအောင်တို့၏အစ်ကိုသည် ၁၁–၁၁–၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၅–၁၁–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### သတိုးသီရိသုဓမ္မ
## ဗိုလ်မှူးအောင်(ခ)သခင်စံလှိုင်
### (ရဲဘော်သုံးကျိပ်ဝင်)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ သုဝဏ္ဏဈေးအနီး၊ ခြံအမှတ် အက်စ်–၈ နေ (ဦးဘိုးမြ–ဒေါ်သင့်)တို့၏သား၊ နတ်တလင်းမြို့ (ဦးညွန့်–ဒေါ်စော)တို့၏သားသမက်၊ (ဒေါ်တင်အေး၊ နတ်တလင်း)၏ခင်ပွန်း၊ (ဦးသိန်းလွင်–ဒေါ်မာလာရည်အောင်)–ဒေါ်တင်တင်မြင့်၊ ဦးအောင်ဇော်ထွန်း–ဒေါ်လှသွေးရည်အောင်၊ (ဦးဝေလွင်အောင်)–ဒေါ်နုနုဝေ၊ ဦးအောင်ဇေယျ–ဒေါ်ခင်ခင်ရွှေ၊ ဦးကျော်ဝင်း(ဒုညွှန်/မှူး၊ ကြေး/မြေ)–ဒေါ်သီတာအောင်၊ ဦးတိုးအောင်–ဒေါ်နီလာအောင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၉–၁၁–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၆း၁၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ကိုကို
### အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၁၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်းနေ ဦးကိုမြင့်(တိုင်းဦးစီးမှူး၊ ငြိမ်း၊ ပတခ)–ဒေါ်ခင်မေကြည်တို့၏သားငယ်၊ ပဲခူးတိုင်း၊ မင်းလှမြို့နေ (ဦးညွှန့်ရွှေ–ဒေါ်အေးအေးသောင်း)တို့၏သားသမက်၊ ဦးစိုးဝင်း–ဒေါ်တင်ဝေဦး၊ ဦးမြတ်ကိုကို(ဦးစီး/ရှိ၊ အကောက်ခွန်)–ဒေါ်ဥမ္မာခင်၊ ဦးအေးကိုကို (အကောက်ခွန်မှူး၊ အကောက်ခွန်)–ဒေါ်သန္တာထိုက်တို့၏ ညီ/မောင်၊ ဒေါ်ခင်အေးပွင့်၏ခင်ပွန်း၊ မောင်ကျော်ဇောဟိန်း(အမက–၇၊ တာမွေ)၏ဖခင်သည် ၁၁–၁၁–၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ကျိုက်လတ်မြို့နယ်အသင်း
### ဘုရား၊ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်ယုံ
### အသက်(၈၃)နှစ်

အသင်းတွဲဖက်အတွင်းရေးမှူး ဦးစိန်လှိုင်–ဒေါ်အေးအေးသန်းတို့၏ မိခင်၊ ကျိုက်လတ်မြို့နေ(ဦးဘိုးကျော်–ဒေါ်ငွေညွန့်)တို့၏သမီး၊ကြည့်မြင်တိုင်မြို့နယ် ထိးတန်း၊ စက်မြေရပ်ကွက်၊ ထိးတန်း ၅ လမ်း၊ အမှတ် ၈ နေ (ဦးခင်မောင်)၏ဇနီးသည် ၉–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၁၁–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် အထွေထွေရောဂါကုဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင် (ပေါင်းတလည်)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၈၊ ကြံခင်းလမ်းနေ ဦးမောင်ချစ် (ကိုးထပ်ကြီး ဂေါပက)၏ဇနီး၊ ဦးဉာဏ်သိန်း(တရားရုံးချုပ်ရှေ့နေ)–ဒေါ်စန်းစန်းတင့် [B.E (Civil)]၊ ဦးလှထွန်း (East Wind Ship Management)–ဒေါ်မြင့်မြင့်ကြည်(အောင်တိုင်းကြံသကာန်းတိုက်)၊ ဦးတင်ထွန်းအောင်–ဒေါ်လှလှတင် (Yakiniku Restaurent)တို့၏မိခင်သည် ၁၁–၁၁–၂၀၀၄ရက်နံနက် ၁၁း၅၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးသံဒိုင်(ခ)ဦးဂျိုး
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၁၀၊ သစ္စာ ၁၀ လမ်း၊ (၃၉/က)ရပ်ကွက်နေ (ဗိုလ်မှူးခင်အောင်ရီ–ရေ၊ ငြိမ်း–ဒေါ်ထွန်းထွန်းခင်)တို့၏သား၊ မန္တလေးတိုင်း၊ မြစ်သားမြို့နေ ဦးမောင်ပု–ဒေါ်ပြုံးရီတို့၏သားသမက်၊ ဒေါ်တင်ပိုင်း၏ခင်ပွန်း၊ ဦးစန်းလွင်–ဒေါ်သဇင်အောင်(လက်ထောက်မန်နေဂျာ၊ ဆက်သွယ်ရေး)၊ ဦးတင်မောင်မောင်–ဒေါ်သရဖီအောင်တို့၏မောင်၊ (ဦးအောင်ကျော်ဦး)–ဒေါ်စံပယ်အောင်၊ ဦးကျော်သူ(Gewin Maritime Limited.)–ဒေါ်မြမြဝင်းတို့၏အစ်ကို၊ ဦးမောင်မောင်လေး၊ ဒေါ်စန်းစန်းမြင့် (စံပြဆေးရုံ၊ သဃ်န်းကျွန်း)တို့၏ညီ၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၁၀–၁၁–၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## တပ်ကြပ်ကြီးထွန်းမြင့်
### အသက်(၇၅)နှစ်

ဧရာဝတီတိုင်း၊ပုသိမ်မြို့၊ဒေါင့်ကြီးကျေးရွာနေ(ဦးကုလားကြီး–ဒေါ်အေးရှင်)တို့၏သား၊ (ဦးအောင်ခင်–ဒေါ်ခင်စိန်)တို့၏ညီ/မောင်၊ အမှတ် ၃၁၄၊ ဘုမ္မာ ၁၀လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်မြင့်(ခ) ဒေါ်ဗေဒါ၏ခင်ပွန်း၊ ဦးစိုးတင့်(မြန်မာ့သစ်လုပ်ငန်း)–ဒေါ်တင်တင်မိုး၊ ဦးတင်ဝင်း–ဒေါ်ခင်ခင်ထိုက်၊ဦးဇော်မျိုးထွန်း–ဒေါ်တင်တင်မျိုး၊ မောင်ဇော်မင်းထိုက်တို့၏ဖခင်၊ မငြိမ်းငြိမ်းပြည့်မိုး(TAS Co.,Ltd.)၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၂–၁၁–၂၀၀၄ရက် ညနေ ၄း၁၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်မေအေး(ခ)
## ဒေါ်ခင်အေး
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ တိုက် ၁၁၊ အခန်း ၅ နေ (ဗိုလ်မှူးဖိုးကွန်း – ဒေါ်ဒေါ်သင်း)တို့၏သမီး၊ ဦးခင်မောင်အေး–ဒေါ်ယဉ်ယဉ်ကြည်တို့၏ညီမ၊ ဦးမြအေး–ဒေါ်ခင်မေသက်၊ ဦးခင်မောင်လေး–ဒေါ်ခင်ယု၊ ဦးခင်မောင်ထွေး–ဒေါ်နန်းဝိလှိုင်ဝဏ်းတို့၏အစ်မသည် ၁၂–၁၁–၂၀၀၄ရက် (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

## ဦးအောင်ခင်စိုး
### အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### သဇင်တန်ပေါက်တံတားစီမံကိန်း
### ရခိုင်ပြည်နယ်
### အသက်(၅၃)နှစ်

သန်လျင်မြို့၊ သန့်ဇင်လမ်း၊ အိမ်အမှတ် ၂၁၊ အောင်သုခရပ်ကွက်နေ ဦးမောင်ဟန်–ဒေါ်နုတို့၏သား၊ မော်ဘီမြို့နေ ဦးကျော်မြင့်–(ဒေါ်လှိုင်တင်)တို့၏သားသမက်၊ ဒေါ်တင်တင်ဦး၏ခင်ပွန်း၊ မခက်သဉ္ဇာအောင်၊ မောင်ဟိန်းထက်အောင်၊ မောင်အောင်မြင့်သူတို့၏ဖခင်သည် ၁၁–၁၁–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃–၁၁–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
### သတိုးသီရိသုဓမ္မ
## ဗိုလ်မှူးအောင်(ခ)သခင်စံလှိုင်
### (ရဲဘော်သုံးကျိပ်ဝင်)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ သုဝဏ္ဏဈေးအနီး၊ ခြံအမှတ် အက်စ်–၈ နေ (ဦးဘိုးမြ–ဒေါ်သင့်)တို့၏သား၊ နတ်တလင်းမြို့ (ဦးညွန့်–ဒေါ်စော)တို့၏ သားသမက်၊ (ဒေါ်တင်အေး၊ နတ်တလင်း)၏ခင်ပွန်း၊ မညိမ်းညိမ်းမွန်၊ကိုအောင်ရဲမင်း၊ကိုမြတ်မင်းသိမ်း၊ ကိုအောင်ခိုင်မင်း၊ မဇင်မာရည်အောင်၊ ကိုဇေယျာဝင်း၊ မစုမြတ်ဝင်း၊ ကိုဖြိုးသူအောင်၊ မသဲသဉ္ဇာအောင်၊ကိုဝေမိုးအောင်တို့၏အဘိုးသည် ၉–၁၁–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၆း၁၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေးတစ်စု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ညွန့်တင်
### (Teacher Doreen)
### ယခင်ကူရှင်၊ယူနီယမ်၊ယူနိုက်တက်၊
### အထက(၄)အလုံ၊
### ကျောင်းဆရာမဟောင်း
### အသက်(၈၃)နှစ်

အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အမှတ် ၅၊ သရဖီလမ်းနေ (ဦးဘထွန်း–ဒေါ်အယ်သယ်)တို့၏သမီး၊ ဦးအာစီဂရေဂရီ(ခ)ဦးကိုကြီး၏ ဇနီး၊ ဦးဒေးဗစ်–ဒေါ်ဂျယ်ရယ်ဒင်း၊ ဦးလှမိုး (Eardley)–ဒေါ်လယ်လိုင်းတို့၏မိခင်၊ ကျော်သူရ–မဝင်းဝင်းနွယ်၊ စောသန္တာအေး၊ ကျော်ဇေယျ၊ Daphene Caroline တို့၏အဘွားသည် ၁၁–၁၁–၂၀၀၄ရက် နံနက် ၁၀း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ် ၁၂၀၊ ဗဟိုလမ်း၊ (St.John Church)တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

## ဦးသန်းဆောင် (ညောင်ဦး)
### အသက်(၇၃)နှစ်

ညောင်ဦးမြို့ (ဦးသက်ရှည်–ဒေါ်ရွှေမြိုင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးလှတင်၏ညီ၊ ချောက်မြို့နေ ဒေါ်လှကြည်၊ ဒေါ်လှငွေးတို့၏မောင်၊ ညောင်ဦးမြို့၊ ရပ်စုံကျောင်း ဆရာတော် ဦးဣန္ဒဝံသ၊ ဦးကျော်ရင်–ဒေါ်လှလှနု၊ (ဦးသန်းအောင်)–ဒေါ်အုန်းသန်းတို့၏ အစ်ကို၊ ညောင်ဦးမြို့၊ ထောင့်ကြီးရွာနေ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ ဦးလှစိုး (ဦးစီးအရာရှိ၊ လဝကရုံးချုပ်) – ဒေါ်ကြည်ကြည်မြင့် (ဟိုတယ်/ခရီး၊ ရုံးချုပ်)၊ ဦးလှတိုး (ပြည်နယ်မန်နေဂျာ၊ စိုက်ဘဏ်၊ လားရှိုးမြို့)–ဒေါ်သင်းသင်းဆွေ၊ ဦးတင်မောင်မြင့် – ဒေါ်မြင့်မြင့်စိန်၊ ဦးဝင်းဆွေ (ကထိက၊ရူပဗေဒဌာန၊စစ်တက္ကသိုလ်)–ဒေါ်ချိုချိုအောင်(J.A.T)၊ ဒေါ်နိုင်နိုင်မော်၊ ဦးဟုတ်စိန်–ဒေါ်စုစုနွယ်၊ ဦးလှဦးမော် (မန်းရေနံ) – ဒေါ်တင်တင်ချို (PAT)၊ ဦးခင်မောင်ဝင်း(ဟိုတယ်–နီကို)၊ မတင်တင်ခိုင်(ဟိုတယ်ခရီး၊ ပုဂံ)၊ မောင်ဇော်လင်းစိုးတို့၏ဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ညောင်ဦးမြို့၌ ၁၁–၁၁–၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃–၁၁–၂၀၀၄ရက် ညနေ ၃နာရီတွင် ညောင်ဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဦးရဲတင့် (မြင်းခြံ)
### အသက်(၄၃)နှစ်

မြင်းခြံမြို့၊ အမှတ်(၁၅)သစ်စက် ဦးကျော်ညွန့်–(ဒေါ်ကံတင်)တို့၏သား၊ မြင်းခြံမြို့၊ အမှတ်(၈)ဝင်းစတားဆန်ပွဲရုံ (ဦးခင်မောင်–ဒေါ်စောကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၈၇နေ ဒေါ်တင်တင်ဝေ၏ခင်ပွန်း၊ မောင်ဝေယံဖြိုးကျော် (တတိယတန်း–E၊ အလက–၁၊ ဒဂုံ)၏ဖခင်သည် ၁၀–၁၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၁၂–၁၁–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကြိုဆိုဂုဏ်ပြု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စက်ရေတွင်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ဆောင်ရွက်ခဲ့သည့် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါစက်ရေတွင်းတည်ရှိရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၁)ရပ်ကွက် သိမ်ချောင်းလမ်းနှင့်တိုင်တစ်ရာကျောင်းလမ်းထောင့်၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊

**စာမျက်နှာ ၈ ကော်လံ ၅** ✻





**မြန်မာ့အလင်း ခေါင်းကြီးဆောင်းပါးသတင်းအညွှန်း**

"လွတ်လပ်ရေးကြိုးပမ်းထိန်းသိမ်းမှုအစဉ်အလာကောင်းများ၊ စစ်မှန်သော လွတ်လပ်ရေး၏အသီးအပွင့် အကျိုးရလဒ်ကောင်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်"

ခေါင်းကြီး(စာ-၂)

"နေ့စဉ် ကိုယ်ကာယလှုပ်ရှားမှုကို တိုးတက်ပြုလုပ်ခြင်းသည် လျော့နည်းသွားသော ကိုယ်အလေးချိန်ကိုထိန်းသိမ်းထားရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။"

ဒေါက်တာတင့်ဆွေလတ်၏ဆောင်းပါး(စာ-၁၀)

"အာဆီယံ အိုးပင်းအော့ပ်တီမစ်(စ်) ရှက်လေ့ချန်ပီယံ ၂၀၀၄ပြိုင်ပွဲ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ ချောင်းသာကမ်းခြေ၌ ကျင်းပမည်။"

နိုင်ငံတကာသတင်း(စာ-၄)

# မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ အမြင်ချင်းဖလှယ်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အင်န်ဟတ်ဆန် ဝီရာယုဒသည်လုပ်ငန်းသဘောခရီးလည်ပတ်ရန် နိုဝင်ဘာ ၁၁ရက်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

**စာမျက်နှာ ၈ ကော်လံ ၁** ☆

**နိုဝင်ဘာ ၁၂ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အထူးဇုန်(၂)အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစဉ်။**

(ရ-က-တ)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန မကွေးတိုင်း ထိန်းသိမ်းရေးရုံးက တာဝန်ယူ တည်ဆောက်လျက်ရှိသော မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာအနီးရှိ တဲကြီး ရေလှောင်တမံ စီမံကိန်းတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး(မြန်မာ့အလင်း)

# တဲကြီးရေလှောင်တမံစီမံကိန်းတည်ဆောက်လျက်ရှိ လုပ်ငန်းဆောင်ရွက်မှုဝရာခိုင်နှုန်းကျော်ပြီးစီးနေ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ရေလှောင်တမံ စီမံကိန်းများကို နိုင်ငံတော်တစ်ဝန်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်းကြီးများ အချိန်တိုအတွင်းပြီးစီးနိုင်မည့် အသေးစား၊ အလတ်စားရေလှောင်တမံ စီမံကိန်းများကိုလည်း အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၁** ✻

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကျောက်ဖြစ် ရုပ်ကြွင်း မေးရိုး



လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးတစ်ခုကို တွေ့ရစဉ်။**(ယာပုံ)**

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးကို အယ်ဘာတာနိုင်ငံ အက်မွန်တန်မြို့အနီးတွင် ယခု နိုဝင်ဘာ ၁၀ရက်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး အညိုရောင်အဆင်းရှိကာ အဖြူရောင်မှာ ၃စင်တီမီတာခန့်သာရှိသည်။ သုတေသနပညာရှင်များက ယင်းကျောက်ဖြစ်ရုပ်ကြွင်း၏သက်တမ်းမှာ အလွန်ရှေးကျသည့်ကာလကဖြစ်မည်ဟု ခန့်မှန်းထားပြီးအတိအကျသိရှိနိုင်ရန် သုတေသနပြုလျက်ရှိသည်။ **(အင်တာနက်)**

## ဒေါက်ဖိနပ်ပုံသဏ္ဌာန်မော်တော်ကား



ဒေါက်ဖိနပ်ပုံသဏ္ဌာန် ထုတ်လုပ်ထားသော မော်တော်ယာဉ်တစ်စီးအား မောင်းနှင်နေသည်ကို တွေ့ရစဉ်။ **(ယာပုံ)**

ဖိလစ်ပိုင်အမျိုးသားတစ်ဦးက မော်တော်ဆိုင်ကယ် အင်ဂျင်အထိုင်ဖြင့် ဒေါက်ဖိနပ်ပုံစံ တီထွင်ထားသော မော်တော်ယာဉ်တစ်စီးကို မနီလာမြို့ အရှေ့ဘက်ရှိ မာရီကီနာမြို့တွင် စမ်းသပ်မောင်းနှင်လျက်ရှိရာ လူအများ တအံ့တသြစိတ်ဝင်စား ကြည့်ရှုခဲ့ကြကြောင်းသိရသည်။ **(ရိုက်တာ)**